မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ သောကြာနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၁၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး



အထယုချောင်းအား ဖြတ်သန်းမည့်နေရာ၌ ရေငုပ်ပြွန်များ တည်ဆောက်နေစဉ်။
ဓာတ်ပုံမှတ်တမ်း–သန်းဆွေ(ပန်းဘဲတန်း)

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)

သတင်းဆောင်းပါး
သတင်းထောက်
သန်းဆွေ
(ပန်းဘဲတန်း)

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်ကြီးကို မြန်မာတစ်နိုင်ငံလုံး၏ စံပြ နမူနာပြ မြို့တော်ကြီးအဖြစ် ရောက်ရှိစေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် မြို့တော်နေ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သည့် ကြည်လင်သန့်စင်၍ ပိုးမွှားကင်းစင်သော ရေကောင်းရေသန့် သောက်သုံးရေများ အစဉ်ဖူလုံစွာရရှိစေရန် ဆောင်ရွက်နေမှုများကို ထုတ်နုတ်တင်ပြလိုပေသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

ငမိုးရိပ်ချောင်း ဖြတ်သန်းမည့်နေရာ၌ ရေငုပ်ပြွန်တည်ဆောက်ရေးအတွက် အမာခံကွန်ကရစ် ကြမ်းခင်းများလောင်းနေကြစဉ်။
ဓာတ်ပုံမှတ်တမ်း–သန်းဆွေ(ပန်းဘဲတန်း)

တပ်မတော်နေ့ အထိမ်းအမှတ် ပြပွဲခင်းကျင်းပြသရန် ပြခန်းများပြင်ဆင်မွမ်းမံ

ရန်ကုန် ဇန်နဝါရီ ၂၀

၂၀၀၅ခုနှစ်နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ပြပွဲခင်းကျင်းပြသရန် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိတပ်မတော်စစ်သမိုင်းပြတိုက်၌ ပြခန်းများကို ပြင်ဆင်မွမ်းမံလျက်ရှိရာ ပြခန်းများအချိန်နှင့် တစ်ပြေးညီ ပြင်ဆင်ပြီးစီးရေးအတွက်သက်ဆိုင်ရာ တာဝန်ရှိသူများက နေ့စဉ်ကြပ်မတ် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

တပ်မတော် စစ်သမိုင်းပြတိုက်ရှိ နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်း၊ ဝန်ကြီးဌာနပြခန်းများ၊ တပ်မတော်(ရေ)ပြခန်းနှင့် တပ်မတော်(လေ)ပြခန်းများ၊ တိုင်းစစ်ဌာနချုပ်ပြခန်းများ၊ ကာကွယ်ရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးရုံးပြခန်းများကို ယနေ့နံနက်ပိုင်းတွင် ပြင်ဆင်မွမ်းမံလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

အကျိုးရလဒ်ကောင်းများ နိုင်ငံတော်သစ်ဆီသို့ သယ်ဆောင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံသည် တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာဖြင့် စုပေါင်းနေထိုင်ကြသည့် နိုင်ငံဖြစ်သည်။ ယနေ့အချိန်အခါသည် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာစေရန် အကောင်အထည်ဖော်ဆောင်ရွက်နေသော ကာလဖြစ်သည်။

အနာဂတ် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ရာတွင် မဖြစ်မနေဆောင်ရွက်ရမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အဓိကအကျဆုံးဖြစ်သည့် အမျိုးသားစည်းလုံး ညီညွတ်ရေးကိုရရှိအောင် တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ယူစဉ်ကပင် ကြိုးပမ်းဆောင်ရွက်နိုင်မှုကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုများရရှိလာခဲ့သည်။

တိုင်းရင်းသားပြည်သူအားလုံးသည် နိုင်ငံတော်နှင့်လက်တွဲ၍ နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူအားလုံး၏ အကျိုးစီးပွားအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးကို ခိုင်မြဲသည်ထက် ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

ထို့အပြင် အမျိုးသားစည်းလုံးညီညွတ်ရေးမှသည် တည်ငြိမ်အေးချမ်းမှုကို ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်နှင့်ပြည်သူများ၏ စီးပွားရေးဘဝအတွက် တည်ဆောက်ပြီး ဖွံ့ဖြိုးတိုးတက်မှုများကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲ အကောင်အထည်ဖော်ကြရမည် ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး၏ အခြေခံလိုအပ်ချက်များဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်ရေး၊ အေးချမ်းတည်ငြိမ်ရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးများကို အရှိန်အဟုန်မြင့်စွာ ဆောင်ရွက်နေချိန်တွင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှု မပြုနိုင်အောင် ကာကွယ်ဟန့်တားကြရမည်ဖြစ်သည်။

ယင်းသို့ အနာဂတ်နိုင်ငံတော်၏ အကျိုးစီးပွား၊ တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ကာကွယ်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ဖြင့် ဖွဲ့စည်း ဖြစ်တည်နေသည့် ပြည်ထောင်စုကြီးဖြစ်ပေရာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် အခြေခံအကျဆုံးသော စွမ်းအားများပင်ဖြစ်ပေသည်။

ကိုလိုနီနယ်ချဲ့၏ ဆိုးမွေကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုအားနည်းခဲ့ရပြီး ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျကျန်ရစ်ခဲ့ရသည်။ ယနေ့အချိန်အခါတွင် ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ၎င်းတို့၏ လက်ဝေခံများက ပေါင်းစည်းညီညွတ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး စည်းလုံးညီညွတ်မှု လျော့နည်းစေရန် သွေးထိုးမြှောက်ပင့် သပ်လျှိုနေမှုများကို တိုင်းရင်းသားပြည်သူများက အစဉ်သတိချပ်နေကြရမည် ဖြစ်သည်။

အတိတ်တစ်ချိန်က ကြုံတွေ့ခဲ့ရသည့် စည်းလုံးညီညွတ်မှု ယိုယွင်းခဲ့ရမှုများအပေါ် သင်ခန်းစာရယူပြီး အနာဂတ် နိုင်ငံတော်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်ကျည်မြဲမြံအောင် တည်ဆောက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့နိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူများ ရရှိခံစားနေသော ငြိမ်းချမ်းရေး၏အသီးအပွင့်၊ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်နေသော အကျိုးရလဒ်ကောင်းများကို အနာဂတ်နိုင်ငံတော်သစ်ဆီသို့ သယ်ဆောင်သွားရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကကြီးမှူး၍ မြို့နယ်အဆင့် HIV/AIDS ရောဂါအန္တရာယ် ပညာပေးဆိုင်းဘုတ်မြေစိုက်ပိုစတာဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၈ရက်က လှိုင်သာယာမြို့ ရန်ကုန်-ပုသိမ်လမ်းမ ပဒေသာပင်မြို့တော်အရှေ့၌ ကျင်းပရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးစံသိန်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၈၀)

အင်းစိန်ညောင်ကန်အေးသာသနာ့ရိပ်သာသို့ စေတနာရှင်များ ဆွမ်းပဒေသာပင်ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ် (၆)ရှိ မဟာစည် ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ (၂၅)နှစ်ပြည့် ငွေရတုကျောင်းတော်ဆောက်လုပ်ရာတွင် ကမာရွတ်မြို့နယ် အင်းလျားလမ်း၊ အမှတ် ၁၀၀(F)နေ ဦးချစ်ခိုင်-ဒေါ်ခင်စိုးဝေ မိသားစုက ဦးချစ်ခိုင်(၅၉)နှစ်ပြည့် မွေးနေ့အလှူအတွက် ငွေကျပ်၃၀၀၀၀၀၊ လှိုင်မြို့နယ် (၉)ရပ်ကွက် သုခလမ်း အမှတ် ၈၅ နေ ဒေါ်အေးတင် မိသားစုက ဖခင်ဦးအောင်စိန်အား ရည်စူး၍ ငွေကျပ် ၁၀၅၀၀၀၊ ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ်၇၆ (D-2)နေ ပါမောက္ခ ဒေါက်တာလှမြင့်ထွန်း ဒေါ်ခင်မျိုးညွန့်၊ သမီး မကြည်လှိုင်နွယ်၊ မကေသွယ်မြင့် မိသားစုက ငွေကျပ်၁၀၀၀၀၀၊ မရမ်းကုန်းမြို့နယ် သမိုင်းကျိုက်ဝိုင်းဘုရားလမ်း ရွှေပြည်စိုးဆီစက် အမှတ် ၄ နေ ဒေါက်တာအေးမြက ငွေကျပ်၁၀၀၀၀၀၊ အမေရိကန်နိုင်ငံ နယူးယောက်မြို့နေ ဘဒ္ဒန္တစက္ကိန္ဒက ငွေကျပ်၁၀၀၀၀၀၊ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် ဗဟိုလမ်း အမှတ် ၃၉၁ နေ အနာပေါက်ဆရာ ဦးခင်မောင်တင့်-ဒေါ်အုန်းကြည်မိသားစုက ငွေကျပ်၁၀၀၀၀၀၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ဒေါ်သိန်းတင်လမ်း အမှတ် ၃၈နေ ဦးသိန်းဟန်-ဒေါ်ခင်ညွန့်၊ သား ဒေါက်တာ မြတ်စံမောင်နှမတစ်စုက ငွေရတုကျောင်းတော်အတွက် ငွေကျပ် ၁၀၀၀၀၀၊ ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်၁၀၀၀၀၀၊ ညောင်ကန်အေး လောကချမ်းသာ ပရဟိတကျောင်းအတွက် ငွေကျပ်၁၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀ အသီးသီး လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်တွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇန်နဝါရီ ၁၈ ရက်က ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပရာ ဒေါပုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်စိုးက ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်ဆွေမြင့် (ငြိမ်း) ထံ ပေးအပ်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၁-၁-၂၀၀၅
(သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၄၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Nature of Jurisprudence (ဒုတိယနှစ်-ဥပဒေပညာ အထူးပြု)
- ၅း၃၀ ၉။ ပညာခေတ်
- ၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၅။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း ၁၆)
- ၆း၅၀ ၁၆။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အင်တာနက်ချစ်သက်လျာ"** (အပိုင်း-၄)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြန်မာ့ရှုခင်း
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"** (အပိုင်း-၁၄)

ပခုက္ကူဦးအုံးဖေ စာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၂၀

ပခုက္ကူမြို့မှ စေတနာရှင် ဦးအုံးဖေက နိုင်ငံတော်သို့ လှူဒါန်းသော စာပေရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် ၁၉၉၃ခုနှစ်မှစပြီး စာမူပြိုင်ပွဲများခေါ်ယူ၍ နှစ်စဉ်ဆုများ ချီးမြှင့်လျက်ရှိရာ ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲတွင် (၁၂)ကြိမ်မြောက်အဖြစ် ရွေးချယ်ချီးမြှင့်သော ပခုက္ကူဦးအုံးဖေစာပေဆု ရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆု

ကဗျာပေါင်းချုပ်ဆုတွင် အောင်သာဆန်း(သံတွဲ)ရေးသားသည့် **'ပန်းကောင်းရနံ့ ဆွတ်ပျံ့ဝေကဗျာစု'**က ပထမ၊ မောင်အုန်းသောင်း(မကွေး) ရေးသားသည့် **'တေးသီတဲ့စမ်း ပန်းသီတဲ့လက်'**က ဒုတိယ၊ မောင်ကြည်နွယ်(ပင်လည်ဘူး)ရေးသားသည့် **'ငှက်တစ်သင်းရဲ့ သီချင်းသံကဗျာများ'**က တတိယ ရရှိကြသည်။

ဝတ္ထုရှည်ဆုတွင် သွဲ့ထားညို(သက္ကလ) ရေးသားသည့် **'ရနံ့သင်းသော ပန်းတစ်ခင်း'**စာမူက ပထမ၊ နန္ဒာခင်(သက္ကလမြေ)ရေးသားသည့် **'စစ်တောင်းမြစ်ဝမှခေါင်းလောင်းသံ တစ်ကမ္ဘာလုံးသို့လျှံစေသတည်း'** စာမူက ဒုတိယ၊ သိန်းသန်းဝင်း(မလှိုင်)ရေးသားသည့် **'မြတ်ပန်တော်ပန်း ခိုင်လုံးလန်း'** စာမူက တတိယ ရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆု

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ရွှေညာသားမြတ်မင်း ရေးသားသည့် **'ကျေးလက်ရှုခင်း ဝတ္ထုတိုများ'** စာမူက ဒုတိယ၊ တွင်းကြီးသားတင်ဝင်းဦး ရေးသားသည့် **'သူသူ့အနွယ် သူ့နယ်ကိုချစ်သည်နှင့် အခြားဝတ္ထုတိုများ'** စာမူက တတိယရရှိကြသည်။

ကျမ်းစာပေဆုတွင် မောင်မိုးယံရေးသားသည့် **'ငွေကြယ်များကို သက်သေတည်၍ ရွှေပင်လယ်ကို ဖြတ်သန်းခြင်း'**စာမူက ပထမ၊ ဦးသန်းထွတ်(ပါမောက္ခ–ငြိမ်း)ရေးသားသည့် **'မူကြိုပညာရေးနှင့် မြန်မာကလေးကဗျာ'** စာမူက ဒုတိယ၊ သဇင်ဦးရေးသားသည့် **'အနာဂတ် စာကြည့်တိုက်ခရီး'**စာမူက တတိယ ရရှိကြသည်။

သုတေသနစာပေဆု

သုတေသနစာပေဆုတွင် မစိမ်းစိမ်း(ဂရင်း)ရေးသားသည့် **'စိမ်းသည့်မြေ'** စာမူက ပထမ၊ တက္ကသိုလ်ကိုလတ်ရေးသားသည့် **'ပြည်ပဈေးကွက်ဝင် မြန်မာ့ပင်လယ်ငါး'**စာမူက ဒုတိယ၊ မောင်ယဉ်လှိုင်း(ပျဉ်းမငြိမ်) ရေးသားသည့် **'ဘုရင့်နောင်မင်းတရားကြီး၏ ဟံသာဝတီခေတ် ယဉ်ကျေးမှု'**စာမူက တတိယဆုများ အသီးသီးရရှိကြသည်။

တစ်သက်တာစာပေဆု

ပခုက္ကူဦးအုံးဖေ စာပေဆု စိစစ် ရွေးချယ်ရေးအဖွဲ့သည် ၂၀၀၄ခုနှစ် 'တစ်သက်တာစာပေဆု'အတွက် စာရေးဆရာကြီးဦးကြည်အေး(ဆင်ဖြူကျွန်းအောင်သိန်း)နှင့် စာရေးဆရာမကြီး ဒေါ်ကြန်(မကြန်)တို့အား ရွေးချယ်လိုက်ကြောင်း သိရသည်။

ပခုက္ကူဦးအုံးဖေ ပညာသင်ဆုနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ ဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာမှ ထပ်မံကြေညာမည်ဖြစ်သည်။ ၂၀၀၄ခုနှစ်အတွက် စာပေဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၅ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ပြီး အစမ်းလေ့ကျင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ရာ နယ်မှစာရေးဆရာများ ဖေဖော်ဝါရီ ၂ရက်(ဗုဒ္ဓဟူးနေ့) ညနေနောက်ဆုံးထား၍ ကိုယ်တိုင်လာရောက်ရန် နှိုးဆော်ထားသည်။

ဆုရရှိသူများသည် စာတည်းမှူးချုပ်(စာပေဗိမာန်) ၅၂၉–၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း–၂၅၂၅၆၀၊ ၂၄၀၀၄၈နှင့် ၃၈၁၄၄၉ တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၅ သို့ အခမဲ့ယာဉ်သယ်ပို့ပေးမည်

ရန်ကုန် ဇန်နဝါရီ ၂၀

စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၅ကို ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ လှိုင်နယ်မြေရှိ MICT Park ၌ ICT ပြပွဲ ပြခန်းများ၊ ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ များ၊ ICT Products Presentationများ၊ ICT ပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပြပွဲလာပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ပါရမီလမ်းနှင့် အင်းစိန်လမ်းဆုံမှလည်းကောင်း၊ ပါရမီလမ်းနှင့် ပြည်လမ်းဆုံမှလည်းကောင်း ခရီးသည်တင်ယာဉ်များဖြင့် MICT Park သို့ ခေါက်တုံ့ခေါက်ပြန် အခမဲ့ သယ်ပို့ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စုံစုံညီညီ

❊ ညီလာခံ စုံညီတက်ကြဖို့
သတ်မှတ်ရက် ကြေညာပြီ။

❊ ဒို့တိုင်းပြည် ဒို့အရေး
ဆွေးနွေးကြမည်။

❊ ပွင့်လင်းလို့ လွတ်လပ်သည်
ပြည့်နိုင်ငံ ခွန့်ရှည်ရေး။

❊ သဘောရိုး အခြေခံလို့
ဝေဖန်ကာ အဆစ်အပိုင်းနဲ့
ခေတ်သမိုင်းကို ညီစွာရေးတဲ့ပွဲဟာမို့
(သားချင်းတို့ရေ) နွှဲကြစို့လေး။ ။

မျိုးသာခင်

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ ညွှန်ကြားရေးမှူးချုပ်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၀

သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် မကွေးတိုင်းမှ ညွှန်ကြားရေးမှူးနှင့် မကွေးခရိုင်၊ ပခုက္ကူခရိုင်တို့မှ လက်ထောက်ညွှန်ကြားရေးမှူးများလိုက်ပါလျက် ဇန်နဝါရီ ၁၇ရက်မှ ၁၉ ရက်အထိ မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး ဇီးဖြူ၊ ဆီးနီဂေါ်ရွာ၊ မန်ကျည်း၊ ကုက္ကိုု ရေဝေရေလဲ စိုက်ခင်းဧက ၂၀၀နှင့် ရေနံချောင်း မြို့နယ် ဖန်ခါးစမ်းဒေသ ကျေးရွာသုံး ထင်းစိုက်ခင်းများ၊ ပခုက္ကူခရိုင် ရှင်မတောင်နှင့် တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ၊ မန္တလေးတိုင်း ညောင်ဦးခရိုင်မြေသင်းတွင်း ကာကွယ်တောရှိ ၂၀၀၄ ခုနှစ် စိုက်ခင်းများ၊ ကျောက်ဆည်ခရိုင် ရွှေသာလျောင်းတောင်နှင့် ကြက်ဆူစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** တာဝန်ရှိဝန်ထမ်းများအား စိုက်ပြီး စိုက်ခင်းများ ရှင်သန်အောင် အလေးထား ဆောင်ရွက်ရေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပခုက္ကူဦးအုံးဖေစာကြည့်တိုက် စာအုပ်ဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၂၀

ပခုက္ကူမြို့၌ ဖွင့်လှစ်ထားသော ပခုက္ကူဦးအုံးဖေစာကြည့်တိုက် စာပေဖြင့် ဘဝအမြင် ရှင်သန်တိုးတက် အောင်မြင်ရေးဟူသော အလှူရှင်၏ ကိုယ်တွေ့သင်ခန်းစာကို တိုးချဲ့သောအားဖြင့် စာကြည့်တိုက်သို့ရောက်ရှိသော ပြီးခဲ့သည့် တစ်နှစ်အတွင်း နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် ထုတ်ဝေခဲ့သည့် စာအုပ်များမှ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ၏ အဆုံးအဖြတ်ဖြင့် စာကြည့်တိုက်က စာဖတ်သူများ သတိမူဖတ်ရှုဖြစ်ရန် ဂုဏ်ပြုအားပေးသောအားဖြင့် **'စာကြည့်တိုက်စာအုပ်ဆု'**ကို ၂၀၀၁ခုနှစ်ကစ၍ တီထွင်ချီးမြှင့်ခဲ့သည်။

ထုတ်ပြန်ကြေညာ

ယခု ၂၀၀၄ခုနှစ်အတွက် ရွေးချယ်ခံရသည့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုများကို စာကြည့်တိုက်ကော်မတီက ယနေ့ထုတ်ပြန်ကြေညာသည်။

ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်သို့ ရောက်ရှိသည့် ၂၀၀၄ခုနှစ်ထုတ် စာအုပ်များအနက် ရွေးချယ်ချီးမြှင့်ခံရသော စာအုပ်များမှာ စာရေးဆရာ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်) ရေးသားပြီး စန်းရောင်ရှိန်စာပေတိုက်က ထုတ်ဝေသည့် **'ဇရာဝတီမှမြသီတာနှင့် အခြားဆောင်းပါးများ'**၊ စာရေးဆရာမ ယုဝတီခင်ဦး ရေးသားပြီး ဝါမိုးအောင်စာပေက ထုတ်ဝေသည့် **'ရွှေနိုင်ငံ၏အလှသစ္စာများ'**နှင့် စာရေးဆရာယုဝတီခင်စိန်လှိုင်ရေးသားပြီး စေတနာစာပေက ထုတ်ဝေသည့် **'အကြင်နာမဟာတံတိုင်း'**စာအုပ်တို့ ဖြစ်ကြသည်။

ချီးမြှင့်မည်

ယင်းဆုများကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၅ရက်(စနေနေ့)တွင် ရန်ကုန်မြို့၌ ကျင်းပမည့် ပခုက္ကူဦးအုံးဖေ စာပေဆုနှင်းသဘင် အခမ်းအနား၌ တစ်ပေါင်းတည်း ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး ပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူးကျင်းပသော မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး ဟောပြောပွဲကို ယနေ့တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း ကမာရွတ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ သီဂီမြိုင်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေရွှေမြက အမှာစကားပြောကြားပြီး အမျိုးသားစာပေဆုရ စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းက လွတ်လပ်ရေး၏ အရသာအကြောင်းကို ဟောပြောသည်။ **(အပေါ်ပုံ)**

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးနှင့် စည်းရုံးရေးဌာနမှအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာမများ၊ ကျောင်းသူများ စုစုပေါင်း ၃၀၀ ကျော် တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးက စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းအား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၁–၁–၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	အကပြိုင်ပွဲ
၈း၀၅	၆။	ကြေးမုံရိပ်သွင် တေးနုယဉ်
၈း၁၅	၇။	နဂါးရေလှောင်တမံ
၈း၃၀	၈။	International News
၈း၄၅	၉။	English for Everyday Use

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရုက္ခဗေဒ အထူးပြု) (ရုက္ခဗေဒ)
၁၇း၁၅	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၀	၇။	လက်ဆင့်ကမ်းပေး ဂီတတေး
၁၇း၄၅	၈။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇း၅၅	၉။	**"သစ်ကောင်းတစ်ပင်"**(နဒီစိုး၊ ပြည့်စုံရှင်၊ ကျော်မျိုးဟိန်း၊ မိုးယံထက်၊ ရန်ပိုင်စိုး၊ မောင်ဂဠုန်) ဒါရိုက်တာ မိုးထက်လူ(သစ်တော)
၁၈း၁၀	၁၀။	တေးဂီတအစီအစဉ်
၁၈း၂၀	၁၁။	Discovery
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း– ၄၈)**(ဇာတ်သိမ်းပိုင်း)**
၁၉း၃၀	၁၅။	ဒီမိုကရေစီ ခေတ်ပြောင်းတော်လှန်ရေးရဲ့ အဖျက်အန္တရာယ်
၁၉း၄၅	၁၆။	Myanmar ICT Week ဂုဏ်ပြုအစီအစဉ်
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	မြန်မာဗီဒီယိုဇာတ်လမ်း **"ကောင်မလေးရဲ့ဖူးစာရှင်"** (အပိုင်း–၂)(လွင်မိုး၊နေအောင်၊ နန္ဒာလှိုင်) ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)

တရုတ်လူမျိုးကမ္ဘာလှည့်ခရီးသည်များအား မလေးရှားပိုမိုဆွဲဆောင်သွားမည်

ကွာလာလမ်ပူ ဇန်နဝါရီ ၁၉

အားလပ်ရက်လာရောက်ရာ နေရာအဖြစ် မလေးရှားနိုင်ငံအား တရုတ်လူမျိုးတို့ ပိုမိုရွေးချယ်လာကြမည်ဖြစ်ပြီး ယခုနှစ်သည် တရုတ်ကမ္ဘာလှည့်ခရီးသည် တစ်သန်းကို ဆွဲဆောင်သည့်နှစ် ဖြစ်ဖွယ်ရှိကြောင်း မလေးရှားပို့ဆောင်ရေးဝန်ကြီးချန်ကွန်ချိုင်က အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

၂၀၀၃ခုနှစ်၌ တရုတ်ကမ္ဘာလှည့်ခရီးသည် အရေအတွက် ၅၈၀၂၄၃ဦးရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်က ၈၂၈၆၆ဦးထိ တိုးလာခဲ့ကြောင်း ကွာလာလမ်ပူနိုင်ငံတကာ လေဆိပ် (ကေအယ်လ်အိုင်အေ)သို့ ပွဲဦးထွက် ရောက်ရှိလာသည့် ရှန်ကျင်း လေကြောင်း လိုင်းဇက်အိပ်ချ် ၀၇၉၆ ဖြင့်လိုက်ပါလာသည့် ခရီးသည် ၉၃ဦး အားကြိုဆိုပွဲအပြီးတွင် မစ္စတာချန်က သတင်းထောက်များကို ပြောကြားသည်။

ပျံသန်း

ကေအယ်လ်အိုင်အေသို့ တရုတ်နိုင်ငံမှ လက်ရှိတိုက်ရိုက်ပျံသန်းနေသော အခြားခရီးသည် လေကြောင်းလိုင်းများတွင်အဲယားချိုင်းနား၊ချိုင်းနားဆောက်သ်သင်းအဲယားလိုင်း၊ ချိုင်းနားအိစ်တင်းအဲယားလိုင်း၊ စီမင်းအဲယားလိုင်း၊ ကူမင်းအဲယားလိုင်းတို့ ပါဝင်ပြီး ဟိုင်နန်း လေကြောင်းလိုင်းသည် စင်းလုံးငှားလေကြောင်းခရီး ပျံသန်းခဲ့သည်။

မြင့်တက်

မလေးရှား နိုင်ငံသို့သွားသော တရုတ်ကမ္ဘာလှည့်ခရီးသွားဦးရေနှင့် မလေးရှားမှပြန်သော ခရီးသွားဦးရေနှစ်ခုစလုံးသည် မြင့်တက်လာကြောင်း မစ္စတာချန်၏ ကြေညာချက်ကိုလိုက်၍ မလေးရှားနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီး ဝေါင်ချန်ကီက ပြောကြားသည်။ သို့ဖြစ်သည့်အတွက်ကြောင့် မလေးရှားနိုင်ငံသို့ တရုတ်နိုင်ငံမှ ခရီးသည်များကို ပို့ဆောင်ပေးမှု တိုးမြှင့်ရေးအတွက် အမှန်တကယ် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဖိလစ်ပိုင် လေကြောင်းလိုင်းနှစ်လိုင်း ဂျပန်သို့ ခရီးစဉ်များ ပိုမိုပျံသန်းမည်

မနီလာ ဇန်နဝါရီ ၁၉

ဖိလစ်ပိုင်အဲယားလိုင်း (ပီအေအယ်လ်)နှင့် ဖိလစ်ပိုင်နိုင်ငံ၏ ဒုတိယအကြီးဆုံးစီဘူပစိဖိတ်လေကြောင်းလိုင်းတို့သည် ဂျပန်နိုင်ငံသို့ လေကြောင်းခရီးစဉ်များ ပိုမိုပျံသန်းရန်စီစဉ်လျက်ရှိကြောင်း တာဝန်ရှိသူများက တနင်္လာနေ့၌ ပြောကြားသည်။

ခွင့်ပြု

ဂျပန်နိုင်ငံနှင့်အသစ်ချုပ်ဆိုထားသောလေကြောင်း ဝန်ဆောင်မှုစာချုပ်၏ အစိတ်အပိုင်းအဖြစ် အဆိုပါလေကြောင်းလိုင်းအသီးသီးသည် နာဂိုယာသို့ တစ်ပတ်လျှင်လေးကြိမ်ပျံသန်းရန် မြို့ပြလေကြောင်းဘုတ်အဖွဲ့က ခွင့်ပြုထားသည်။

စာချုပ်သစ်

အဆိုပါသဘောတူစာချုပ်သစ်အရ ပီအေအယ်လ်သည် နာဂိုယာသို့ မတ်လထဲ၌ တစ်ပတ်လျှင်သုံးကြိမ်ပျံသန်းမည်ဖြစ်ကြောင်း၊ စတုတ္ထလေကြောင်းခရီးစဉ်ကို ဂျပန်နိုင်ငံနှင့် ယခင်ကချုပ်ဆိုထားသောလေကြောင်း ဝန်ဆောင်မှုသဘောတူ စာချုပ်အရ ပျံသန်းပိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ပီအေအယ်လ်က ပြောကြားသည်။

လက်မှတ်ထိုး

ပီအေအယ်လ်သည် ဂျပန်အဲယားလိုင်း(ဂျေအေအယ်လ်)နှင့်သဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးချုပ်ဆိုထားရာ ဂျေအေအယ်လ်သည် ဖိလစ်ပိုင် လေယာဉ်များအတွက် နာဂိုယာ၌ မြေပြင်လုပ်ငန်းများကိုဆောင်ရွက်ပေးမည်ဖြစ်သည်။ထိုအတောအတွင်း စီဘူပစိဖိတ်က နဂိုယာနှင့်အိုဆာကာသို့ဧပြီနှင့်ဇွန်လအတွင်း၌ စတင်ပျံသန်းရန်စီစဉ်ထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖိလစ်ပိုင်နိုင်ငံရှိ ဟန်ဒူမွန်ကျေးရွာ၌ အမျိုးသမီးငယ်များ ခရုလည်ဆွဲသီကုံးနေကြသည်ကို ဇန်နဝါရီ ၁၉ရက်က တွေ့ရစဉ်။ (အဆိုပါကျေးရွာသည် ကမ္ဘာ့ပင်လယ်ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုတွင် အဓိက ပံ့ပိုးနေသော ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

ပြင်သစ်နိုင်ငံတောင်ပိုင်း တူးလောက်စ်မြို့၌ စင်ကာပူ လေယာဉ်မယ်များ အသစ်ဖွင့်လှစ်လိုက်သည့် အဲယားဘတ်စ်အေ ၃၈၀ လေကြောင်းလိုင်းရှေ့တွင် အမှတ်တရ ဓာတ်ပုံအရိုက်ခံနေသည်ကို ဇန်နဝါရီ ၁၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘေးအန္တရာယ်လျှော့ပါးရေးဆိုင်ရာ ကမ္ဘာ့ညီလာခံ ဂျပန်နိုင်ငံ၌ ဖွင့်လှစ်

ကိုဘီ (ဂျပန်) ဇန်နဝါရီ ၁၉

ဘေးဒုက္ခအန္တရာယ် လျှော့ပါးရေးဆိုင်ရာ ကုလသမဂ္ဂကမ္ဘာ့ညီလာခံကို ဂျပန်နိုင်ငံကိုဘီမြို့၌ အင်္ဂါနေ့က စတင်ကျင်းပခဲ့ရာ မကြာသေးမီက အိန္ဒိယသမုဒ္ဒရာ၌ ဖြစ်ပေါ်ခဲ့သည့် ဘေးဒုက္ခအန္တရာယ်သည် အစည်းအဝေး၌ အရေးကြီးသော အကြောင်းအရာဖြစ်ခဲ့သည်။

တက်ရောက်

ငါးရက်ကြာ ကျင်းပသည့် အဆိုပါ ညီလာခံသို့ လူ၄၀၀၀ကျော် တက်ရောက်ကြပြီး လာမည့်၁၀နှစ် အတွက် လုပ်ငန်းအစီအစဉ်တစ်ရပ်ကို ဖော်ထုတ်ကြဖွယ်ရှိသည်။ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်တွင် မဟာဗျူဟာ ရည်မှန်းချက်များနှင့် ဦးစားပေးများ လူ့အသက်များ ဆုံးရှုံးရသည့် ဘေးအန္တရာယ်နှင့် နိုင်ငံများနှင့် အသိုင်းအဝိုင်းများ၏ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်များ ပျက်စီးဆုံးရှုံးရသည့် ဘေးအန္တရာယ်လျှော့နည်းရေးကို သိရှိနားလည် သဘောပေါက်ရန်အတွက် ပါဝင်တက်ရောက်ခြင်းဖြစ်သည်။

ကျင်းပမည်

အဆိုပါ ညီလာခံသည် အာရှမှ အာဖရိကတိုက်အထိ ကျယ်ပြန့်သော နိုင်ငံများတွင် လူ၁၆၀၀၀၀ကျော် သေဆုံးခဲ့ရသော ဘေးဒုက္ခအန္တရာယ်ဆိုးကြီးကို သုံးသပ်မည့် အထူးအစည်းအဝေးနှစ်ရပ်ကိုလည်း ကျင်းပသွားမည်ဖြစ်သည်။ကြာသပတေးနေ့၌ကျင်းပသည့် အစည်းအဝေးတွင်ကြိုတင်သတိပေးစနစ်နှင့် ဆက်နွှယ်သောကိစ္စရပ်များကို ကုလသမဂ္ဂအဖွဲ့ဝင်များနှင့် အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆွေးနွေးကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အမေရိကန်တို့၏ တိုက်ခိုက်မှုကို ဆန့်ကျင်ကာကွယ်နိုင်စွမ်း အီရန်၌ စစ်ရေးစွမ်းအားရှိကြောင်း ကာကွယ်ရေးဝန်ကြီးပြောကြား

တီဟီရန် ဇန်နဝါရီ ၁၉

အီရန်နိုင်ငံအား ဆန့်ကျင်တိုက်ခိုက်မှုကို ကာကွယ်နိုင်သည့် စစ်ရေးစွမ်းအား အီရန်နိုင်ငံ၌ရှိကြောင်းကို အီရန်နိုင်ငံအပေါ် စစ်ရေးအရ အရေးယူမှုအား မိမိမငြင်းပယ်ဟု အမေရိကန် သမ္မတဂျော့ဒဗလျူဘုရှ်က ပြောဆိုပြီးနောက်တစ်နေ့တွင် အီရန်ကာကွယ်ရေးဝန်ကြီးက အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

အစ္စလမ္မစ် သမ္မတနိုင်ငံအနေဖြင့် တိုက်ခိုက်မှုကို မကြောက်ရွံ့ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး အလီရှမ်ခါနီက ပြောကြားသည်။ မိမိတို့ အနေဖြင့် လိုသလိုလုပ်၍ရသော မဟာဗျူဟာများကို အကောင်အထည် ဖော်နိုင်စွမ်းရှိသည်ဖြစ်ရာ မိမိတို့၏စစ်ရေးစွမ်းရည်နှင့် စပ်လျဉ်း၍ သတင်းမရနိုင်သည့် အတွက်ကြောင့် မိမိတို့အား မည်သည့်နိုင်ငံကမှ တိုက်ခိုက်နိုင်ခြင်းမရှိသည့် ခွန်အားမိမိတို့၌ရှိထားကြောင်း ရှမ်ခါနီ၏ ပြောဆိုချက်ကို မီဟာသတင်းဌာနက ကိုးကားဖော်ပြသည်။ မိမိတို့သည်ဟန့်တားရာတွင် အထိရောက်ဆုံး စစ်လက်နက်ပစ္စည်းကို လျင်မြန်စွာထုတ်လုပ်နိုင်သည်ဟု အခိုင်အမာပြောဆိုနိုင်ကြောင်းလည်း ၎င်းကပြောဆိုသည်။

ထောက်လှမ်း

အမေရိကန်ကွန်မန်ဒိုတပ်ဖွဲ့များသည် ဝှက်ထားသော နျူကလီးယားနှင့် ဓာတုဗေဒပစ္စည်းများကို အီရန်နိုင်ငံတွင်း၌ လျှို့ဝှက်ထောက်လှမ်းနေကြောင်း နယူးယော့ကာ မဂ္ဂဇင်းကရေးသားဖော်ပြခဲ့ပြီး သမ္မတဘုရှ်၏ဝေဖန်ချက် တနင်္လာနေ့က ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။

ဖော်ပြ

အီရန်နိုင်ငံကလည်း ယင်း၏ နျူကလီးယား အထောက်အကူများသည် နျူကလီးယားလက်နက်များ လုပ်ရန်ဖြစ်သည်ဆိုသည်မှာ မမှန်ကန်ကြောင်း ငြင်းဆိုပြီး ပင်တဂွန် အရာရှိများက နယူးယော့ကာ၏ သတင်းဖော်ပြချက်တွင် အမှားများပါရှိကြောင်း ပြောဆိုသည်။

မလွယ်ကူ

အီရန်နိုင်ငံထဲသို့ အမေရိကန် ကွန်မန်ဒိုများဝင်ရန်မှာ မလွယ်ကူကြောင်း၊ ယင်းကို ယုံခြင်းသည် ရိုးအခြင်းသာဖြစ်မည်ဖြစ်ကြောင်း အီရန်အမျိုးသားလုံခြုံရေးကောင်စီမှ ဝါဒဖြန့်ချိရေး အကြီးအကဲ၏ ပြောဆိုချက်ကို အီရန်ရေဒီယိုက ကိုးကားဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

စီးပွားဖြစ် မိကျောင်းမွေးမြူရေးလုပ်ငန်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စတင်လုပ်ကိုင်

ဒါကာ ဇန်နဝါရီ ၁၉

ဘင်္ဂလားဒေ့ရှ် လူငယ်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ အချို့သည် တောင်အာရှတွင် ပထမဆုံးဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်း၌ စီးပွားဖြစ်မိကျောင်းမွေးမြူရေးလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့ကြောင်း နယူးအေ့ချ်သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

၎င်းတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် မိကျောင်းမွေးမြူရေးလုပ်ငန်းကို ထူးထူးခြားခြားရွေးချယ်ခဲ့ပြီး မိကျောင်းသားရေအပြင် ဆက်နွှယ်မှုရှိသည့် ထုတ်ကုန်များတင်ပို့မှုကို စဉ်းစားလျက်ရှိသည်။

တင်သွင်း

မိကျောင်းမွေးမြူရေးစိတ်ကူးမှာ စီးပွားရေးလုပ်ငန်း အမှုဆောင်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူလည်းဖြစ်သော မတ်ရှိတာကူအာမက်က ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါစိတ်ကူးသည် လူအများကို ဆွဲဆောင်ထားပြီး ပထမအဆင့်အဖြစ် တွားသွားသတ္တဝါများမွေးမြူရေးကုမ္ပဏီ ပေါ်ထွက်လာခဲ့သည်။ ကုမ္ပဏီသည် ၂၀၁၂ ခုနှစ်တွင် တစ်နှစ်လျှင် မိကျောင်းသားရေ ၅၀၀၀ တင်ပို့ခြင်းဖြင့် အမေရိကန်ဒေါ်လာ အနည်းဆုံး သန်း ၅၀ ရရှိမည်ဟု မျှော်လင့်ထားသည်။အရွယ်ရောက်မိကျောင်း အထီး၁၅ကောင်နှင့်အမ၆၀ကို မွေးမြူရေးကန်များထဲသို့ လွှတ်ထားပြီးဖြစ်သည်။ မိကျောင်းအားလုံးကို မလေးရှားနိုင်ငံ ဆာရာဝပ်မှတင်သွင်းခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဖူဂျီကုမ္ပဏီမှ အသစ်ထုတ်လုပ်ထားသော ဒီဂျစ်တယ်ကင်မရာတစ်လုံးအား ဝန်ထမ်းတစ်ဦးက ပြသနေသည်ကို ဇန်နဝါရီ ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များ ဘရာဇီးနှင့်နိုင်ဂျီးရီးယား နှစ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည်

အဘူဂျာ ဇန်နဝါရီ ၁၉

နိုင်ဂျီးရီးယားနှင့် ဘရာဇီးနိုင်ငံတို့သည် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အနောက်အာဖရိကနိုင်ငံဖြစ်သည့် နိုင်ဂျီးရီးယားနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး အိုလူအဒီနီဂျီက သတင်းထောက်များအား ပြောကြားသည်။

နိုင်ဂျီးရီးယား ညှိနှိုင်းရေးအဖွဲ့တစ်ဖွဲ့ကို ဦးဆောင်လာသော အိုလူအဒီနီဂျီသည် ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး ဆီဆိုလူဇ်နူနက်စ်နှင့်အတူ နှစ်နိုင်ငံပူးတွဲကော်မရှင်တစ်ရပ် ဖွဲ့စည်းရေး အခြေခံမှုများကို ဆွေးနွေးမည်ဖြစ်ပြီး ယင်းပူးတွဲကော်မတီကို လာမည့် မေလတွင် အပြီးသတ်ဖွဲ့စည်းနိုင်ရန် မျှော်မှန်းထားကြောင်း အဒီနီဂျီက ပြောကြားသည်။

ဆွေးနွေးမည်

ဘရာဇီးနိုင်ငံအနေဖြင့် ရေနံ၊စက်ပစ္စည်းကိရိယာ အစိတ်အပိုင်းများ၊ သယ်ယူပို့ဆောင်ရေး၊ အလုပ်သမားရေးရာကိစ္စရပ်များနှင့် စက်မှုလုပ်ငန်းဆိုင်ရာ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး နူနက်စ်က ပြောကြားသည်။

ထို့အပြင် အခြားကဏ္ဍများဖြစ်သော ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များတွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း နူနက်စ်က ထပ်မံပြောကြားသည်။

ပူးတွဲဆောင်ရွက်

ဘရာဇီးနိုင်ငံအနေဖြင့် ဘရာဇီးနိုင်ငံ၏ မြေဧရိယာတစ်ခုတွင် နိုင်ဂျီးရီးယားနိုင်ငံနှင့်အတူ ပီလောပီနံ စိုက်ပျိုးခြင်းကို ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံ ကောက်ပဲသီးနှံစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အနေအထားကိုလည်း သုံးသပ်သွားမည်ဖြစ်ကြောင်း ဘရာဇီး နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

လေးလက်မသံချောင်း ဦးခေါင်းအတွင်းမှဖယ်ရှား

ဒန်ဗာ ဇန်နဝါရီ ၁၉

ကော်လိုရာဒိုအလုပ်သမားတစ်ဦးသည် အလွန် တရာ ခေါင်းကိုက်ခြင်း ဝေဒနာခံစားရမှုကြောင့် ဆေးရုံတက်ရောက် ကုသမှုခံခဲ့ရာမှ ဆရာဝန်များက ၎င်း၏ ဦးခေါင်းအတွင်းမှ လေးလက်မသံတစ်ချောင်းကို ဖယ်ရှားပေးလိုက်ရကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ပစ်ခတ်မိ

အသက် ၂၃ နှစ်အရွယ်ရှိ ပက်ထရစ်လော်လာသည် အဆိုပါသံချောင်းကို ဖယ်ရှားရန် ခွဲစိတ်မှုပြုလုပ်ရာမှ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာပြီ ဖြစ်ကြောင်း၊ ၎င်းသည် ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခု၌ သံရိုက်သေနတ်ဖြင့် မိမိကိုယ်မိမိ မတော်တဆပစ်ခတ်မိရာမှ ၎င်းသံ ခေါင်းထဲဝင်သွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

၂၀၀၄ ခုနှစ်တွင် ဂျာမနီနိုင်ငံ၏ ပြည်ပပို့ကုန် တိုးတက်

ဘာလင် ဇန်နဝါရီ ၁၉

ဂျာမနီနိုင်ငံ၏ ပြည်ပပို့ကုန်သည် ၂၀၀၄ ခုနှစ်တွင် စံချိန်တင်တိုးတက်ခဲ့သော်လည်း ရေနံဈေးနှုန်းမြင့်မားမှုနှင့် ယူရိုငွေဈေးမြင့်တက်မှုများ ကြုံတွေ့ခဲ့ရသည်ဟု အင်္ဂါနေ့က ထုတ်ပြန်သော တရားဝင်စာရင်းအင်းများက ဖော်ပြသည်။

ပြီးခဲ့သည့်နှစ်က တစ်ကမ္ဘာလုံးတွင် စီးပွားရေးတိုးတက်ခဲ့မှုကြောင့် ဂျာမနီနိုင်ငံက ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့ခဲ့ရကြောင်း၊ စုစုပေါင်း ၁၀ ရာခိုင်နှုန်းကျော် ပိုမိုတင်ပို့ခဲ့ရသည်ဟု ပြည်ထောင်စုစာရင်းအင်းဗျူရိုက ပြောကြားသည်။

တင်သွင်း

ဂျာမနီနိုင်ငံအနေဖြင့် ၂၀၀၄ ခုနှစ်တွင် ပြည်ပသို့ တင်ပို့ကုန်တန်ဖိုး ယူရိုငွေ ၇၃၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉၅၀ ဘီလီယံ)နှင့် တင်သွင်းကုန်တန်ဖိုးငွေ ယူရို ၅၇၅ ဒသမ ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၄၈ ဒသမ ၀၂ ဘီလီယံ)ရှိကြောင်း အဆိုပါစာရင်းအင်းဗျူရိုက ပြောကြားသည်။

ကျော်လွန်

အဆိုပါ ပြည်ပပို့ကုန်မှရရှိသော ငွေကြေးသည် ပြီးခဲ့သည့် ၂၀၀၃ ခုနှစ်ကရရှိသည့် ယူရို ၁၅၅ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၀၂ ဒသမ ၃ ဘီလီယံ)ကို ကျော်လွန်ခဲ့ကြောင်း မှတ်တမ်းများက ပြလျက်ရှိသည်ဟု ဂျာမနီစာရင်းအင်းဗျူရိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗြိတိသျှတပ်ဖွဲ့ဝင်တို့ အကျဉ်းသားများအား ညှဉ်းပန်းသည့်ဓာတ်ပုံများ ဗြိတိန်သတင်းစာများက အသားပေးဖော်ပြခဲ့ကြ

လန်ဒန် ဇန်နဝါရီ ၁၉

ရက်ဖွယ်ရာနှင့် တုန်လှုပ်ချောက်ချားစရာဆိုသော ခေါင်းစဉ်အောက်တွင် ဗြိတိသျှအကျဉ်းသားများ၏ မတရားနှိပ်စက် ညှဉ်းပန်းမှုကို ခံစားကြရသော အီရတ်လူမျိုးတို့၏ ဓာတ်ပုံများကို ဗြိတိန်သတင်းစာများက ဗုဒ္ဓဟူးနေ့၌ အသားပေးဖော်ပြခဲ့ကြသည်။

သတင်းစာများ၏ ရှေ့မျက်နှာဖုံး၌ ဖော်ပြသည့်ဓာတ်ပုံအချို့မှာ ဝတ်လစ်စလစ်လုပ်ထားသော အီရတ်အကျဉ်းသားများဖြစ်ပြီး အခြားဓာတ်ပုံ တစ်ပုံမှာ တုပ်နှောင်ထားသော အကျဉ်းသားတစ်ဦးကို တပ်ဖွဲ့ဝင်တစ်ဦးက လက်သီးဖြင့် ထိုးဟန်ပြင်နေသည့်ပုံ ဖြစ်သည်။

ယင်းဓာတ်ပုံများသည် အာရပ်ကမ္ဘာတွင် ဒေါသအမျက်ထွက်စေပြီး ဗြိတိသျှစစ်တပ်၏ဂုဏ်ကို ညှိုးနွမ်းစေကြောင်း တိုင်းမ်သတင်းစာက ရေးသား ဖော်ပြသည်။

ထုတ်ပြန်

အဆိုပါဓာတ်ပုံများ ပေါ်ထွက်လာမှုကြောင့် ဗြိတိန်နိုင်ငံ၏ ဝါအရင့်ဆုံး ဗိုလ်ချုပ်ကြီး ဆာမိုက်ခ်ဂျက်ဆင်သည် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ရသည်။ ထိုကြေညာချက်၌ မတရားညှဉ်းပန်းနှိပ်စက်မှုလုပ်ရပ်များ အားလုံးကို မိမိတို့ ပြစ်တင်ရှုတ်ချကြောင်း၊ မတရားညှဉ်းပန်းနှိပ်စက်မှု ရှိသည့်နေရာတွင် ချက်ချင်းအရေးယူ စုံစမ်းခဲ့ကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့ ဩစတြေးလျသံရုံးအနီး ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် ဇန်နဝါရီ ၁၉

ဘဂ္ဂဒက်မြို့အနီးတစ်ဝိုက်တွင် ဗုံးပေါက်ကွဲမှုများ ငါးကြိမ်ခန့်ဖြစ်ပွားရာ အနည်းဆုံး လူ ၂၇ ဦးသေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံမြောက်ပိုင်းတွင်လည်း အသေခံ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များက အဆိုပါ ကားဗုံးခွဲတိုက်ခိုက်ရန် ကြိုးစားသူများကို ပစ်ခတ် တိုက်ခိုက်ခဲ့ရကြောင်းလည်း အမေရိကန်စစ်ဘက်က ထပ်မံပြောကြားသည်။

ပေါက်ကွဲ

အဆိုပါ ဗုံးပေါက်ကွဲမှုများအနက် လေးကြိမ်မှာ မိနစ် ၉၀ အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပထမဆုံး ဗုံးပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့လယ်ရှိ ဩစတြေးလျသံရုံးအနီးတွင် ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီအချိန်ခန့်က ဖြစ်ကြောင်း၊ အီရတ်နှစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ သို့သော်လည်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီး ၁ နာရီအကြာတွင် အီရတ်ရဲတပ်ဖွဲ့ အရာရှိ ငါးဦး အပါအဝင် လူ ၁၈ ဦး သေဆုံးကြောင်း သံရုံးအနီးရှိ အယ်အယ်ရာဟီဆေးရုံက ပြောကြားသည်။

သေဆုံး

ထို့အပြင် ဘဂ္ဂဒက်အနောက်တောင်ဘက်ရှိ နိုင်ငံတကာလေဆိပ်တွင် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အီရတ်လုံခြုံရေး အစောင့်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး လူသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် နောက်ပိုင်းအခြားနေရာများတွင် မိနစ်ပိုင်းအတွင်း ဗုံးများ ဆက်တိုက် ပေါက်ကွဲခဲ့ကြကြောင်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန်နှင့် ကာဂျစ်စတန် စီးပွားရေးပူးပေါင်းဆောင်ရွက်မည်

အစ္စလမ္မာဘက် ဇန်နဝါရီ ၁၉

ပါကစ္စတန်သမ္မတ ပါဗက်မူရှာရက်ဖ်နှင့် ကာဂျစ်စတန်သမ္မတ အက်စ်ကာအကေ့ဗ်တို့သည် အစ္စလမ္မာဘက်တွင် တနင်္လာနေ့က ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုချဲ့ထွင်ရန် သဘောတူညီခဲ့ကြကြောင်း အဆိုစီရိတ်တက်ပရက်စ်အော့ဖ် ပါကစ္စတန်က ဖော်ပြသည်။

နှစ်နိုင်ငံဆက်ဆံရေးများအပြင် နှစ်နိုင်ငံ ခေါင်းဆောင်များသည် ဒေသဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် အီရတ်အနေအထားများ အပါအဝင် နိုင်ငံတကာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗုံးပေါက်ကွဲ

ဘဂ္ဂဒက်မြို့ရှိ ဩစတြေးလျသံရုံးအနီး ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေး ဆောင်ရွက်နေသည်ကို ဇန်နဝါရီ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ဆောက်လုပ်ဆဲရဲတပ်ဖွဲ့အဆောက်အအုံများစစ်ဆေး ရဲစခန်းနှင့်ညီညွတ်သည့် အဆောက်အအုံကောင်းဖြစ်ရေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၂၀

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ဗိုလ်မှူးကြီးဇော်ဝင်း၊ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုးနှင့် ဦးစီးအရာရှိများလိုက်ပါလျက် ဇန်နဝါရီ၁၈ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဘုန်းကြီးလမ်းထောင့်ရှိ လမ်းမတော်ရဲစခန်း ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်ထဲရေးဝန်ကြီးဌာနနှင့် အကျိုးတူဆောင်ရွက်လျက်ရှိသော Naing Group ဆောက်လုပ်ရေးမှ ဥက္ကဋ္ဌ ဦးကျော်နိုင်ဦးက ဆောက်လုပ်ပြီးစီးမှုကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အချိန်မီပြီးစီးရန်နှင့် ရဲစခန်းနှင့်ညီညွတ်သည့် အဆောက်အအုံကောင်းဖြစ်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် Shine ဆောက်လုပ်ရေးနှင့် အကျိုးတူဆောက်လုပ်လျက်ရှိသော ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း ရဲရိပ်သာ ဆောက်လုပ်နေမှု၊ ယုဇနဆောက်လုပ်ရေးနှင့် အကျိုးတူဆောက်လုပ်လျက်ရှိသော ၃၈ လမ်း ရဲရိပ်သာဆောက်လုပ်နေမှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးရာ Shine ဆောက်လုပ်ရေးမှ အင်ဂျင်နီယာချုပ် ဦးစံထွန်းနှင့် ယုဇနဆောက်လုပ်ရေးမှ ဒါရိုက်တာ ဒေါ်မြတ်မြတ်မွန်တို့က ဆောက်လုပ်မှု အနေအထားများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

လုပ်ငန်းဆိုင်ရာများမှာကြား

ဆက်လက်၍ ဝန်ကြီးသည် စမ်းချောင်းမြို့နယ်ရှိ မဟာမြိုင်ရဲရိပ်သာ ဆောက်လုပ်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တော်ဝင်ဆောက်လုပ်ရေးမှ ဆောက်လုပ်ရေးတာဝန်ခံ ဦးအောင်နိုင်က ဆောက်လုပ်ပြီးစီးမှု အနေအထားကို ရှင်းလင်းတင်ပြ၍ ဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် လှိုင်မြို့နယ် ဘူတာရုံလမ်း၌ရှိသော လှိုင်ရဲရိပ်သာအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးသည် ဇန်နဝါရီ၁၉ ရက်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယရဲချုပ် ဗိုလ်မှူးကြီးဇော်ဝင်း၊ ရဲထောက်ချုပ်ရဲမှူးချုပ်ဝင်းစိုးနှင့် ဦးစီးအရာရှိများ လိုက်ပါ၍ ရန်ကုန်မြို့ တာမွေမြို့နယ် မာန်အောင်ရဲရိပ်သာရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးတပ်ဖွဲ့သို့လည်းကောင်း၊ လှိုင်သာယာမြို့နယ်ရှိ အမှတ်(၉)ရဲတပ်ရင်းသို့လည်းကောင်း သွားရောက်ပြီး လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး ဆောင်ရွက်ထားရှိမှုများနှင့် ဗဟိုကင်း၊ တပ်ရင်း၊ တပ်ဖွဲ့ရုံးများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံ၍ တပ်ဖွဲ့ဝင်များ လုပ်ငန်းတာဝန် ထမ်းဆောင်ရာ၌ ရိုးသားကြိုးစားပြီး ရဲဘောင်ရဲဘက်စိတ်ရှိရန်၊ ပြည်သူလူထု၏ ယုံကြည်မှု၊ လေးစားမှု၊ အားကိုးမှုများ ရရှိသော ပြည်သူချစ်သောရဲတပ်ဖွဲ့ဝင်များဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ရန် တို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ဇန်နဝါရီ၁၈ ရက်က လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းနှင့်ဘုန်းကြီးလမ်းထောင့်ရှိ လမ်းမတော်ရဲစခန်း ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(ပြည်ထဲရေး)

ကျောက်ဆည်တက္ကသိုလ်နှင့်စဥ့်ကိုင်အခြေခံပညာအထက်တန်းကျောင်း ပညာရေးဝန်ကြီး ဦးသန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၀

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ၁၆ ရက် မွန်းလွဲပိုင်းတွင် ကျောက်ဆည်တက္ကသိုလ်သို့ ရောက်ရှိပြီး ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ်က ကျောက်ဆည်တက္ကသိုလ်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးဦးသန်းအောင်သည် စဥ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပညာရေးဌာနနှင့် ပညာရေးစေတနာရှင်များ ပူးပေါင်းဆောက်လုပ်သော စာသင်ခန်းရှစ်ခန်းပါ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီးက ရှင်းလင်း တင်ပြသည်။

ကျောက်ဆည် တက္ကသိုလ်သည် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်တွင် တည်ရှိ၍ ၂၀၀၁ ခုနှစ် ဇွန် ၂၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကျောက်ဆည်၊ စဥ့်ကိုင်၊ တံတားဦး၊ မြစ်သား၊ လယ်ဝေး၊ ပျဉ်းမနားနှင့် တပ်ကုန်းမြို့နယ်များမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသားကျောင်းသူများ တက်ရောက် ပညာသင်ကြားလျက်ရှိရာ နေ့ကျောင်းသားကျောင်းသူ ၃၀၀၀ ကျော်နှင့် အဝေးသင်ကျောင်းသား ကျောင်းသူ ၁၃၀၀၀ ကျော် စုစုပေါင်း ကျောင်းသားကျောင်းသူ ၁၇၀၀၀ ခန့် တက်ရောက်သင်ယူလျက်ရှိသည်။ ကျောက်ဆည် တက္ကသိုလ်တွင် ဝိဇ္ဇာဘာသာရပ်များဖြစ်သည့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒနှင့် အရှေ့တိုင်းပညာ၊ သိပ္ပံဘာသာရပ်များဖြစ်သည့် ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒနှင့် ဘူမိဗေဒဘာသာရပ်ပေါင်း ၁၂ ခုကို သင်ကြားပို့ချပေးလျက်ရှိသည်။

ဖွင့်လှစ်ထားရှိ

ကျောက်ဆည် တက္ကသိုလ်တွင် ကွန်ပျူတာသင်ကြားမှု စာသင်ခန်း၊ Language Lab များ၊ e-Education Learning Centre များ၊ မာလ်တီမီဒီယာ စာသင်ခန်းများ၊ သိပ္ပံဓာတ်ခွဲခန်းများ၊ အင်တာနက် အသုံးပြုနိုင်သည့် အထူးစာကြည့်တိုက်များ ပါရှိပြီး အထူးသဖြင့် ဘူမိဗေဒပြခန်းနှင့် ဒေသဆိုင်ရာ ရင်းမြစ်ပြခန်းများကို ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ဆက်လက်၍ ဝန်ကြီးသည် ပင်မမြောင်းတစ်လျှောက်မှ ဆည်ရေပေးဝေမှု၊ နွေစပါးစိုက်ပျိုးမှု၊ ဒိုင်နမိုငယ်များ တပ်ဆင်၍ရေအားလျှပ်စစ်ထုတ်ယူမှုကို ကြည့်ရှုစစ်ဆေးပြီး နွေစပါး စိုက်ပျိုးနေကြသည့် တောင်သူလယ်သမားများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ နည်းပညာပေးဝန်ထမ်းများ၊ အလုံ(မြောက်) ကျေးရွာအုပ်စုမှ တောင်သူများအားတွေ့ဆုံ၍ ဆည်ရေ လေလွင့်ဆုံးရှုံးမှု မရှိအောင် အသုံးပြုရေး၊ဆည်၊ ရေလှောင်တမံ၊ ရေသွယ်မြောင်းနှင့် တူးမြောင်း အဆောက်အအုံများကို ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ရေး၊ သက်တမ်းတိုအထွက်ကောင်း စပါးမျိုးများ စိုက်ပျိုးရေး၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်မြင့်မားရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် သစ်ဆိမ့်ကိုင်းရွာအနီးရှိ ပင်မရေမြောင်းနှင့် ရေကျအဆောက်အအုံ(၆)မှ ပြည်တွင်းဖြစ် ဒိုင်နမိုဖြင့် ရေအားလျှပ်စစ်ထုတ်ယူမှုကို ကြည့်ရှုစစ်ဆေးသည်။

ရေပေးဝေနိုင်မည်

ထို့နောက် ဝန်ကြီးသည် ကြံခင်းမြို့နယ် ပုသိမ်–မုံရွာမော်တော်ကားလမ်းပေါ် မိုင်တိုင်အမှတ် ၂၆ မိုင် ၇ ဖာလုံတွင်ရှိသော ကွန်ချောင်း(၂) ရေလှောင်တမံ ပင်မရေမြောင်းနှင့် ဒေသစိုက်ခင်းများသို့ရေပေးမှုကိုကြည့်ရှုစစ်ဆေးသည်။ ကွန်ချောင်းရေလှောင်တမံလုပ်ငန်းများမှာ ဆောင်ရွက်ဆဲဖြစ်သော်လည်း စီးဝင်ရေကို သိုလှောင်ကာ နွေစပါးဧက ၁၂၀၀ ကို ရေပေးဝေစိုက်ပျိုးထားပြီး ဖြစ်ကြောင်းနှင့် လုပ်ငန်း အားလုံးပြီးစီးပါက ဧက ၂၀၀၀၀ ကို ရေပေးဝေစိုက်ပျိုးနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလိုတော်ပြည့် ၁၀ရက် ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ဖေဖော်ဝါရီ ၅ ရက်မှ ၁၄ ရက်အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာ ဂန္ထဝါစက ပဏ္ဍိတ ပရိယတ္တိ သာသန ဟိတရေပုဂ္ဂံ – ညောင်ဦး – နယ်စပ်ဒေသ ပြည်တွင်း ပြည်ပသာသနာပြု အလိုတော်ပြည့် ဆရာတော်ကြီးကိုယ်တိုင် ဝိပဿနာအလုပ်ပေး သတိပဋ္ဌာန်ရှုမှတ်နည်း တရားတော်တို့ကို ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုကြသော ယောဂီများအနေဖြင့် ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) ညနေ ၅နာရီတွင် အလိုတော်ပြည့် ကျောင်းတိုက်သို့ လာရောက်ကြပါရန်နှင့် ကြိုတင်စာရင်းပေးသွင်းနိုင်ရန် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း–၀၁–၅၄၅၃၃၇၊ ၀၁–၅၄၈၈၆၁၊ ၀၉–၅၀–၁၄၅၀၀ တို့သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း ဖိတ်ကြားနှိုးဆော်ထားသည်။ **(က–ပ)**

ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်း သင်တန်းဆင်းပွဲ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းသည် ယနေ့နံနက် ၈ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၅၁)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင်ကျင်းပသော အခြေခံအင်ဂျင်နီယာ သင်တန်းအမှတ်စဉ်(၈)၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၃၄)သင်တန်းများ ဆင်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။ (အောက်ပုံ)

အခမ်းအနားတွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းက သင်တန်းဆင်း အမှာစကား ပြောကြားပြီး အခြေခံ အင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၈)တွင် စံပြသင်တန်းသားဆု ရရှိသူ ဦးမိုးကျော် (အငယ်တန်းအင်ဂျင်နီယာ–၂၊ ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့)အား လည်းကောင်း၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၃၄)တွင် စံပြသင်တန်းသားဆုရရှိသူ ဦးတင်အောင် (စာရင်းကိုင်–၄၊ ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့)အားလည်းကောင်း၊စာပေထူးချွန်သင်တန်းသားဆုရရှိသူ ဦးတင်ရွှေ (စက်ပြင်–၃၊ ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့)အား လည်းကောင်း ဆုများအသီးသီး ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား ခေါင်းဆောင်များသို့ ပေးအပ်လိုက်သည်။

အခြေခံအင်ဂျင်နီယာ သင်တန်းအမှတ်စဉ်(၈)သို့ စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသား ၃၁ ဦး၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၃၄) သို့ စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသား ၅၇ဦး စုစုပေါင်း သင်တန်းသား ၈၈ဦး တက်ရောက် အောင်မြင်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ၁၂ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၁၅၃၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၁၉)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ် ပညာရေးရာဌာနကထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ်အတွဲ(၃)၊ အမှတ်(၁၉)ကို ထုတ်ဝေဖြန့်ချိထားသည်။**(ယာပုံ)**

အဆိုပါဂျာနယ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည့်သတင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲတက်ရောက်သည့်သတင်း၊ သိန်းစိန်(အမျိုးသားစာပေ၊ ၁၉၆၅ခုနှစ်)၊ တက္ကသိုလ်မြတ်သူ၊ မောင်မောင်အုန်း(လယ်ဝေး)၊ မောင်ကွန်ပျူတာ၊ တက္ကသိုလ်နန်းဖြူဖြူထွန်း၊ မောင်ဟန်ဝင်း(ထန်းတပင်)၊ တက္ကသိုလ်ကိုကိုလတ်၊ တက္ကသိုလ်သခင်၊ မေချယ်ရီလွင်၊ ကြည်လင်း(ဆေး)၊ ဦးတင်ရှိန်၊ H.Kတို့၏ ဖတ်ဖွယ်မှတ်ဖွယ် ဆောင်းပါးများ၊ မကွေးဖန်ခါး(ထွေ/အုပ်)၏ ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိကြောင်းသိရသည်။ **(က-ပ)**

ဝန်ကြီးများအား တရုတ်နိုင်ငံသံအမတ်ကြီးနှင့် ကျွမ်းကျင်သူပညာရှင်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun နှင့် Shanghai Pudong New Area People's Government ၏ ဒုတိယအုပ်ချုပ်ရေးမှူး Ms.Shang Yuyin ဦးဆောင်သော ကျွမ်းကျင်သူပညာရှင်အဖွဲ့သည် ဇန်နဝါရီ၁၈ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန စုဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ ကျောဖုံးမှ

ကျောင်းသား ကျောင်းသူလေးများ ပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော် ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။

စစ်တီးဝိုင်းများယှဉ်ပြိုင်

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲများကိုဆက်လက်ကျင်းပရာ အမှတ်(၉)စစ်အခြေခံလေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂)၊ အမှတ်(၇) စစ်အခြေခံ လေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်းနှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁) စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

သရုပ်ဖော်ပြကွက်များပြသ

ထိုသို့ ယှဉ်ပြိုင်ရာတွင် အမှတ်(၉) စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်းက ရဲသွေးရဲမာန်၊ ပြည်သူ့သားကောင်း၊ပြည်သူ့သား စစ်သည် စစ်ချီတေးများဖြင့်လည်းကောင်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက တပ်မတော်၊ စံပြ ဒို့တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ် စစ်ချီတေးများဖြင့်လည်းကောင်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)က မြန်မာ့အာဇာနည်၊ စံပြ ဒို့တပ်မတော်၊ ပြည်သူ့သားစစ်သည် စစ်ချီတေးများဖြင့် လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၂)က ရဲသွေးရဲမာန်၊တပ်မတော်အောင်လံလွှင့်မယ် ဒို့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၇)စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်းက ရဲသွေးရဲမာန်၊ ဒို့စစ်သည်၊ ပြည်သူ့သားကောင်း စစ်ချီတေးများဖြင့် လည်းကောင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၁)က ဒို့စစ်သည်၊ မျိုးမြန်မာပြည်ရွာ၊မြန်မာတို့ရဲ့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဂုဏ်ပြုဆုများချီးမြှင့်

ဆက်လက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး (၁၄)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီအဖွဲ့ဝင် ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးက အလှသရုပ်ပြ ဖျော်ဖြေကြသည့် ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းတို့မှ ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

ငါးလုပ်ငန်းနှစ်ပတ်လည်နှင့်ရေထွက်ကုန်ပစ္စည်းပြပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ အဖွဲ့ချုပ်ရုံး အဆောက်အအုံသစ်၌ ကျင်းပမည်ဖြစ်ရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ပုဂ္ဂလိက ရေလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၏ ပြခန်းပေါင်း ၃၄ခန်းပါဝင်သော ရေထွက်ကုန်ပစ္စည်းပြပွဲကို ဇန်နဝါရီ ၂၄ရက်မှ ၂၆ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ၅နာရီအထိကျင်းပမည်ဖြစ်သည်။ မည်သူမဆိုအခမဲ့ ကြည့်ရှုလေ့လာအားပေးနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

✻ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

✻ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

✻ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

✻ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

Europa International Education Academy ၏ High Intermediate Level (Level-III) သင်တန်းအပတ်စဉ်(၁)၊ Interme-diate Level (Level-II) သင်တန်းအပတ်စဉ်(၁၅)နှင့် (English Language Proficiancy Course) Pre-Intermediate Level (Level-I) သင်တန်းအပတ်စဉ်(၅၉)(၆၀)၊(၆၁)နှင့်(၆၂)တို့၏ သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ၁၈ရက်က ရန်ကုန်မြို့ ခြောက်မိုင်ခွဲရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ Europaမှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းစိန်က သင်တန်းဆင်းအမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ထူးချွန်ဆုရရှိသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ သင်တန်းသူသင်တန်းသားများအား သင်တန်းဆင်း အောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

အမျိုးသားအဆင့် ဆင်ခြေထောက်ရောဂါကင်းဝေးရေး ကြီးကြပ်မှုဗဟိုကော်မတီ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

အမျိုးသားအဆင့် ဆင်ခြေထောက်ပရောဂါကင်းဝေးရေး ကြီးကြပ်မှုဗဟိုကော်မတီဆွေးနွေးပွဲကို ယနေ့နံနက်၉နာရီခွဲတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဆေးဝါးစက်ရုံလမ်းရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ/ရောဂါနှိမ်နင်းရေး)နှင့် ညွှန်ကြားရေးမှူးများ၊ သမားတော်ကြီးများ၊ ဆေးဝါးကျွမ်းကျင်သူ ပညာရှင်များ၊ ဆင်ခြေထောက်ရောဂါကင်းဝေးရေးစီမံချက်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ လာရောက်သည့် ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဌာနေတာဝန်ခံနှင့် ပြည်နယ်၊တိုင်း ၄က်ဖျားဆရာဝန်ကြီးများ၊ အဖွဲ့ခေါင်းဆောင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ/ရောဂါနှိမ်နင်းရေး) ဒေါက်တာရဲမြင့်က အမှာစကားပြောကြားသည်။

တိုးချဲ့ဆောင်ရွက်

ဆင်ခြေထောက်ရောဂါတိုက်ဖျက်ရေး လူကုန်ဆေးကျွေးလုပ်ငန်းကို စီမံချက်များရေးဆွဲ၍ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့၌ ၂၀၀၁ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် တိုးချဲ့ဆောင်ရွက်ခဲ့သည်။

ဆွေးနွေးပွဲတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအတွေ့အကြုံများကို ဆွေးနွေးညှိနှိုင်းကြသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက် ပညာတံခွန်စာကြည့်တိုက်၌ ဒီဇင်ဘာ၂၉ရက်ကပြုလုပ်ရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ငြိမ်းနှင့် မြို့နယ်ပြန်ဆက်ဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၂၅၈)

မြစ်ကြီးနားမြို့ ဖရောကျေးရွာတွင် ရေတွင်းတူးဖော်

မြစ်ကြီးနား ဇန်နဝါရီ ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး အတွက်ဆောင်ရွက်လျက်ရှိရာဒီဇင်ဘာ ၁၉ရက်က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာသုံးရွာတွင် ကွန်ကရစ်ရေတွင်းသုံးတွင်းတူးဖော် ဆောင်ရွက်လျက်ရှိရာ ဖရောကျေးရွာ အတွက် အကျယ် ၃ပေ၊ ၆လက်မရှိ ရေတွင်းတူးဖော်ဆောင်ရွက်ခြင်း လုပ်ငန်းခွင်သို့မြို့နယ်အမှုဆောင်အရာရှိ ဦးအေးဆွေနှင့် အင်ဂျင်နီယာမှူးဦးသိန်းမြင့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးသည်။ **(အောက်ပုံ) (မြို့နယ်စည်ပင်)**

ဇန်းမော်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသစ်ဖွင့် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့တွင် သင်တန်းကျောင်းဖွင့်မည်

ဇန်းမော် ဇန်နဝါရီ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းသည် ဇန်နဝါရီ ၁၀ရက်က ဇန်းမော်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး သင်တန်းအိပ်ဆောင်များ၊ စားရိပ်သာ၊ စာကြည့်တိုက်၊ နှစ်ရှည်ပင်များနှင့် ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများ၊ ကျောင်းသားများ လေ့ကျင့်ရေးနှင့် သင်ကြားရေးအခြေအနေများ၊ အသစ်ဆောက်လုပ်ပြီးစီးသွားသော လူငယ်သင်တန်းကျောင်း၏ မူလတန်းလွန်ကျောင်းတို့အား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၊ ကျောင်းသားများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဇန်းမော်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းဆောက်လုပ်သည့်လုပ်ငန်းခွင်သို့ရောက်ရှိပြီး သင်တန်းခန်းမ၊သင်တန်းသူအိပ်ဆောင်နှင့် စာသင်ဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေများစစ်ဆေး၍ အဆောက်အအုံများသတ်မှတ်ကာလပြီးစီးရေးမှာကြားပြီး အုပ်ချုပ်မှုရုံးနှင့်ထမင်းစားဆောင်ဆောက်လုပ်မည့်မြေနေရာများအားရွေးချယ်သတ်မှတ်ပေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် ဇန်နဝါရီ ၁၁ရက်နံနက် ၉နာရီတွင် ဇန်းမော်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်သည်။ ထို့နောက် သင်တန်းကျောင်းအတွင်း သင်တန်းသူများ စက်ချုပ်ပညာသင်ကြားနေမှု၊ သင်ထောက်ကူပစ္စည်းများ ဖြည့်တင်းထားမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၊ သင်တန်းသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့သို့ ရောက်ရှိပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ဖွင့်လှစ်ရန် ရွေးချယ်ထားသော မြေနေရာအား ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ ဆောက်လုပ်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် ဇန်နဝါရီ ၁၂ရက်နေ့တွင် ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာသို့ သွားရောက်၍ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ဖွင့်လှစ်မည့်မြေနေရာအား ရွေးချယ်ပေးခဲ့ပြီး သင်တန်းကျောင်းသစ်ဖွင့်လှစ်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ညွှန်ကြားရေးမှူးချုပ်သည် ဇန်နဝါရီ ၁၃ရက်နေ့တွင် မြစ်ကြီးနားမြို့ အမှတ်(၁) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး အုပ်ချုပ်မှုရုံး၊ စားရိပ်သာ၊ ကျောင်းသားအိပ်ဆောင်များ၊ မူလတန်းလွန်ကျောင်းတို့အား စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြု မြိုင်မြို့နယ်တွင် ကျေးရွာစာကြည့်တိုက်ဖွင့်

မြိုင် ဇန်နဝါရီ ၁၄

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်လျက် ရှိရာ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆူဝင်းကျေးရွာ ရတနာဝင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ဇန်နဝါရီ ၄ရက် နံနက် ၁၀နာရီခွဲက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။ (အောက်ပုံ)

ဖွင့်ပွဲအခမ်းအနားတွင် မြိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောမြင့် ခိုင်၊ကျေးရွာဥက္ကဋ္ဌ ဦးခင်ရွှေနှင့် ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းစည်းရုံးရေးမှူးကျေးရွာစာကြည့်တိုက် ဥက္ကဋ္ဌ ဦးကျော်သိန်းတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ပြောကြားသည်။

လက်ခံရယူ

ဆက်လက်၍ စာအုပ်များလှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဦးစီးမှူး၊ မြို့နယ်ဆရာဝန်ကြီးဒေါက်တာမိုးဇော်၊ ဗဟင်းရဲစခန်းမှူး ရဲအုပ်ဝင်းမြင့်နှင့် ပြည်သူများကစာအုပ်များလှူဒါန်းကြရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးကျော်သိန်းက လက်ခံရယူကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ဒီဇင်ဘာ ၂၄ ရက်က တောင်ကုတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုံကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှရွှေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ပွင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ်ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြား

ငါ့သရောက် ဇန်နဝါရီ ၃

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ အမှတ်(၃) ရပ်ကွက် တောင်ကုန်းရပ် ကိုယ့်အားကိုယ်ကိုး တြိဂံစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ရက်က ဆင်ဖြူဆိပ်တောင်ကျောင်း၌ ကျင်းပရာ ဆင်ဖြူဆိပ်ဆရာတော် ဦးကဝိန္ဒ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဝင်းနှင့် တောင်ကုန်းရပ်ကွက် အဖွဲ့ဝင် ဦးနေလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဝင်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ စာကြည့်တိုက်အကြောင်းသိကောင်းစရာများနှင့် ရေရှည်တည်တံ့ရန် ဆောင်ရွက်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဆင်ဖြူဆိပ်တောင်ကျောင်းဆရာတော် ဦးကဝိန္ဒက စာအုပ်မျိုးစုံ ၁၅၀၊ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဝင်းက စာအုပ် ၅၀၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးရွှေမြင့်က စာအုပ် ၁၀ အုပ်၊ နှောတွင်းရပ် ဗိုလ်ချုပ်မြေမြင့်ဆွေက စာအုပ် ၄၀၊ တောင်ကုန်းရပ်မှ ဒေါ်စန်းစန်းပို-ဒေါ်စန်းစန်းချိုတို့က စာအုပ် ၂၀နှင့် ဦးပေါ်ကစာအုပ် ၁၀အုပ်တို့ကို ပေးအပ်လှူဒါန်းရာ ရပ်ကွက်အဖွဲ့ဝင် ဦးနေလင်းက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

အရာတော်မြို့နယ်၌ ကျေးရွာစာကြည့်တိုက်များဖွင့် အလှူရှင်များက သုတ၊ ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

အရာတော် ဇန်နဝါရီ ၅

မုံရွာခရိုင် အရာတော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ဝက်ခဲကျေးရွာအုပ်စု၊ ကြွေပုဂံကျေးရွာ ရောင်ခြည်ဦးကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၈ရက် မွန်းလွဲ၁နာရီက ကျင်းပရာ မြို့နယ်တရားသူကြီး ဦးမြင့်ဆွေ၊ မြို့နယ်ပညာရေးမှူး ဦးကိုကိုနှင့် နယ်မြေတာဝန်ခံ ကျန်းမာရေးမှူး ဦးသိန်းဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ဝဲပုံ)

ဆွေးနွေးပြောကြား

အခမ်းအနားတွင် မြို့နယ်တရားသူကြီး ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းလွင်ဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကို ဆွေးနွေးဟောပြောသည်။

ထို့နောက် စာအုပ်အလှူရှင်၁၀ဦးတို့က သုတ၊ရသစာအုပ်မျိုးစုံ ၂၀၅အုပ်ကို လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးမှတ်ရွှေက လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရှိသင့်သည်

မကွေးတိုင်းအတွင်း ခရိုင်ချင်းဆက်လမ်းများ သတ်မှတ်ကာလပြီးစီးရေးဆောင်ရွက် ကျောက်လမ်းခင်း၊ သစ်သားတံတားနှင့်ရေပြွန်များ တည်ဆောက်တပ်ဆင်

မကွေး ဇန်နဝါရီ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူသည် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးကျော်မြင့်နှင့် မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းဝင်းတို့ လိုက်ပါလျက် ဇန်နဝါရီ ၁၅ရက်က မကွေးတိုင်းအတွင်းဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း နတ်မောက်မြို့နယ်အပိုင်း လုပ်ငန်းခွင်ရှိ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ (ဝဲပုံ)

လုပ်ငန်းအခြေအနေများကို ဖက်တောရွာ ရှင်းလင်းဆောင်၌ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းဝင်းက ရှင်းလင်း တင်ပြရာ အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူက လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး မှာကြားသည်။ ဆက်လက်၍ အထူးအရာရှိနှင့်အဖွဲ့သည် ခရိုင်ချင်းဆက်လမ်းအတိုင်း ဆက်လက်ထွက်ခွာရာ နတ်မောက်မြို့နယ် လမ်းအပိုင်းမှ ဆောင်ရွက်ပြီးစီးခဲ့သည့် ကျောက်လမ်း (၁၄/၄)မိုင်၊ သစ်သားတံတားတစ်ခု၊ ရေကျော်ငါးခုနှင့် ရေပြွန် ၁၄ခုတို့အား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အထူးအရာရှိသည် ဇန်နဝါရီ ၁၆ ရက်က တောင်တွင်းကြီးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက် လမ်းမြေသားလမ်းနှင့်ကျောက်ချောလမ်းတို့ကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေသော လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အထူးအရာရှိနှင့်အဖွဲ့သည် ခရိုင်ချင်းဆက်လမ်းအတိုင်း ဆက်လက်ထွက်ခွာရာ တောင်တွင်းကြီးမြို့နယ် ခရိုင်ချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတားများနှင့် ရေပြွန်များ တည်ဆောက်ထားရှိမှုနှင့် ဆင်ပေါင်ဝဲမြို့နယ်အတွင်းစပါးရင်းတွင်း ကျေးရွာအနီး မြေသားလမ်းကို မြေညှိစက်ဖြင့် ဆောင်ရွက်နေမှုကိုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အထူးအရာရှိနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၇ ရက်က မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မကွေးမြို့အား သောက်သုံးရေပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီမြစ်ရေတင်လုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းဝင်းနှင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်းတို့က ရှင်းလင်းတင်ပြသည်။

ရေပေးဝေနိုင်

ထို့နောက် မြို့ရေပေးရေးမှ ဂါလန် တစ်သိန်းဆံ့ ပင်မရေလှောင်ကန်နှင့် စက်ရေတွင်း အမှတ် ၁၃ သို့လည်းကောင်း၊ တွင်းအမှတ် ၁၉၊ တွင်းအမှတ်၇နှင့် ဂါလန် ၂၀၆၀၀၀ ဆံ့ ရေစုကန်မှ ရေပေးဝေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေပိုမိုဖြန့်ဖြူးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရေး မှာကြားသည်။ တွင်းအမှတ် ၅ မှာ အနက် ၃၄၈ ပေ ၁၀ လက်မတွင်းဖြစ်ပြီး တစ်နာရီလျှင် ဂါလန် ၄၀၀၀၀ ထွက်ရှိ၍ ရန်ပယ်၊ ရန်အောင်၊ ရန်ကျော်၊ ရန်ဝေးရပ်ကွက်များသို့ ရေပေးဝေနိုင်ကြောင်း သိရသည်။ **(နယ်စပ်စည်ပင်)**

မင်းလှမြို့နယ် စည်ပင်ဝန်ထမ်းများ ပန်းအလှပင်များ ပျိုးထောင်

မင်းလှ ဇန်နဝါရီ ၁၅

ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည် အဖွဲ့ပိုင် မြကန်သာပန်းခြံအတွင်းရှိ ပျိုးဥယျာဉ်၌ ဇန်နဝါရီ ၁၁ရက်က ပန်းပင်ပေါင်း ၃၀၀၀အား ပျိုးထုပ်များအတွင်း ပျိုးထောင် စိုက်ပျိုးခြင်းကို ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ ဆောင်ရွက်ရာသို့ မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသီဟထွန်းက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မုဒုံကြီးပတ်လမ်း (ကျောင်းနောက်လမ်း)အရှည်ပေ ၂၅၀၀ အကျယ် ၁၂ ပေရှိ မြေသားလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကတ္တရာလောင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၃၁ရက်က အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မတ္တရာမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ပါရမီစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ပြန်ကြားရေးဆိုင်ရာများ ရှင်းလင်းပြောကြား

မတ္တရာ ဇန်နဝါရီ ၅

မတ္တရာမြို့နယ် သူရဲဆက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပါရမီစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ရက် နံနက်၉နာရီက အမှတ်(၂၈)တွဲဖက်အလကကျောင်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ အခမ်းအနားကို ကျေးရွာဥက္ကဋ္ဌ ဦးထွန်းမြိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃) ဒေါ်ဆွေဆွေတင့်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပြန်ကြားရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌ ဦးထွန်းမြိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃)ဒေါ်ဆွေဆွေတင့်တို့က ပါရမီစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ်ပြန်/ဆက်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေလာစို့

ဇန်နဝါရီ ၁၈ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဘုရားပျိုလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကျောက်များစုဆောင်းမှုနှင့် လမ်းတိုင်းတာမှုတို့အား အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဖွံ့ဖြိုး စည်ပင် ကျေးလက် တစ်ခွင်

ကြိုဆိုပါသည် မြန်မာ့အိုင်စီတီ

ယနေ့ခေတ်ကာလဖြစ်သော ICT(Information and Communication Technology)ခေတ်တွင် စကားပြောတိုင်း ICTပါမှ ခေတ်မီသည်ဟု ဆိုရပါမည်။ မောင်ရင်ငြိမ်းတစ်ယောက် ခေတ်မီမီရေးချင်၍ ICTကို အခြေခံပြီးတော့ ရေးရပါမည်။ ယနေ့Information ခေတ်တွင် သတင်းသည် အခရာပင်ဖြစ်သည်။ နေရာတကာ သတင်းမပါ၍ မရပါ။ စစ်ရေးမှာပဲဖြစ်ဖြစ်၊ စီးပွားရေးမှာပဲ ဖြစ်ဖြစ် သတင်းသည် ထိပ်ဆုံးက ပြေး၍နေသည်။ သတင်းလက်ဦးမှုရသူက နှာတစ်ဖျားသာပါမည်။ သတင်းလက်ဦးမှုရအောင် အဆက်အသွယ်ဆိုသည့် Communicationကို မရမနေ ဆောင်ရွက်လာကြသည်။ သတင်းကို နှေးနှေးပို့မလား၊ မြန်မြန်ပို့မလား၊ Transmissionလုပ်သည့်ကြားခံ Equipment၏ အလုပ်လုပ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ Transmission Equipment ကောင်းလျှင် ကောင်းသလို မြန်နှုန်းမြင့်မည်သာဖြစ်ပါသည်။ Information ခေါ် သတင်းတွေမြန်မြန်ပို့နိုင်ဖို့ Transmission Equipmentတွေကောင်းဖို့က နိုင်ငံမှာTechnology မြင့်ရန်လိုပါသည်။ Technology မြင့်သောတိုင်းပြည်က ရှေ့တန်းရောက်သလို Technology နိမ့်သော တိုင်းပြည်က Globalizationခေတ်မှာတော့ နောက်မှာကျန်ရစ်ခဲ့မှာ သေချာ ပါသည်။ ထို့ကြောင့် ခေတ်မီ၍ တိုးတက်ချင်သော မောင်ရင်ငြိမ်းတစ်ယောက် ICT ရေစီးကြောင်းမှာတော့ စုန်ဆန်မျောရမည်။

မောင်ရင်ငြိမ်းတို့ ယနေ့ဖြတ်သန်းရသည်က ICT ရေစီးကြောင်း။ မြန်မာနိုင်ငံကြီး ဖြတ်သန်းရမည်က Globalizationရေစီးကြောင်းနှင့်အတူ။ ICT ခေတ် ။ အိုင်စီတီသည် တိုးတက်ရေးလမ်းကြောင်းအပေါ် မလွဲမသွေ တွန်းတင်ပေးမည့် ယန္တရားကြီးတစ်ခုပင် ဖြစ်သည်။

MICT DCဝင်းထဲ ဝင်ကြည့်လိုက်လျှင်ပင် မသိတာတွေ အတော်များသွားသည်။ အောက်ထပ် ကွန်ဖရင့်ခန်းမမှာက IT ဆွေးနွေးပွဲတွေ မပြတ်တွေ့ရသည်။ အနာဂတ်၏ မြန်မာပြည်ပုံရိပ်ကို အကောင်အထည်ဖော်မည့် လူငယ်များက Building 3/4/5/6 ဆီသို့ ဥဒဟိုဝင်ထွက်နေသည်။ ပျားအုံဘေးဝယ် လူးလာပျံသန်းနေသော၊ ဝတ်ရည်သယ်သည့် ပျားများပမာ ဝင်ချည်၊ ထွက်ချည်ပင်။ ဒုတိယထပ် အခန်း ၂၀၁၊ ၂၀၂ နှင့် ၂၀၃ တို့တွင် မောင်ရင်ငြိမ်း ပါဝင်ဆောင်ရွက်ရသော IT Master Plan (အိုင်တီဆိုင်ရာ ရှေ့လုပ်ငန်းစဉ်)

ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသကဲ့သို့ တက်ကြွနိုးကြားသော လူငယ်များ၏ စိတ်ဓာတ်တွင် အမိနိုင်ငံတော်ကြီး၏ မျှော်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် မလျှော့သော ဇွဲ လုံ့လဖြင့် လျှောက်လှမ်းသွားကြရန် လိုအပ်ပါသည်။ နိုင်ငံတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို မျက်ခြည်မပြတ် ကြည့်ရှုရမည် ဖြစ်သကဲ့သို့ ICT ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဦးလည်မသုန် ဆောင်ရွက်သွားရန် လိုသည်။

အခန်းများ။ အနာဂတ် IT ရေစီးကြောင်းတွင် ရွက်လွှင့်မည့် မြန်မာ ICT လှေကြီးပေါ်တွင် မောင်ရင်ငြိမ်းက တက်တစ်ချောင်း ကိုင်ခွင့်ရသည်။ မောင်ရင်ငြိမ်း၏စားပွဲက ကွန်ပျူတာမြှုပ်ထားသော Multimedia တပ်ဆင်ထားသည့် ကွန်ဖရင့်စနစ်ပါသော စားပွဲ။ စားပွဲအားလုံးတွင် ဒီအတိုင်းတပ်ဆင်ထားပြီး Video စနစ်၊ Projector များ၊Desk များ၊ Digital Camera, Video Screenနှင့် Electronic whiteboard တစ်ခု၊ မောင်ရင်ငြိမ်း၏အဖွဲ့ IT Master Plan ရေးဆွဲရာတွင် အထောက်အကူပြု မည့်အခန်း။ အလားတူ ကွန်ပျူတာများ တပ်ဆင်ပြီး Internet Access တပ်ဆင်ထားသည့် အလုပ်ခန်း၊ စာကူးစက်၊ ဖြတ်စက်နှင့် မောင်ရင်ငြိမ်းတို့ရဲ့ Master Plan ကို IAI (Initiative for ASEAN Integration)အစီအစဉ်အရ ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

ယနေ့အိုင်စီတီ၏ ပုံရိပ်တချို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၄ရက်နေ့တွင် ကျင်းပသော တပ်မတော် နည်းပညာတက္ကသိုလ်သင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းအခမ်းအနား၌ မိန့်ခွန်းမြွက်ကြားရာတွင်–

"ယနေ့ကာလမှာ သိပ္ပံနဲ့နည်းပညာဆိုင်ရာ အသစ်တွေ့ရှိချက်တွေဟာ အလွန်လျင်မြန်စွာပေါ်ပေါက်နေတာကြောင့် တီထွင်မှုတစ်ရပ်ဟာ ဆန်းသစ်တဲ့ အနေအထားမှာ ခေတ္တခဏသာရှိနိုင်ပြီး အသစ်ထပ်မံတွေ့ရှိချက်နဲ့ တွန်းထိုးဖယ်ရှားမှုကို အချိန်တိုအတွင်းမှာပဲ ရင်ဆိုင်ရတာဖြစ်တယ်။ ဒါ့ကြောင့် ရဲဘော်တို့ဟာ အချိန်နဲ့အမျှ လေ့လာဆည်းပူးကြရမယ်။ ဒါ့အပြင် ပထမဦးစွာ ပညာဗဟုသုတကို စုဆောင်းရမယ်။ ဒုတိယအားဖြင့် အတုမြင်အတတ်သင်ဆိုသလို စမ်းသပ်လုပ်ကိုင်ကြည့်ရမယ်။ တတိယအားဖြင့် ကိုယ်ပိုင်တီထွင်မှုကို ပြုကြရမယ်။ တီထွင်မှုမှတ်တိုင်စိုက်ထူနိုင်ခဲ့တဲ့ သိပ္ပံပညာရှင်ကြီးတွေဟာ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားတာကို တွေ့ရလိမ့်မယ်။ အံ့သြဘနန်းတီထွင်မှုတွေဟာ ခွန်အားကြောင့်ရရှိတာထက် ဇွဲ၊ လုံ့လနဲ့သာ ရရှိခဲ့ကြတာဖြစ်တာကြောင့် ရဲဘော်တို့ဟာ မြန်မာနိုင်ငံရဲ့ သိပ္ပံနဲ့နည်းပညာအတွက် ဇွဲသတ္တိကြီးမားကြဖို့ တိုက်တွန်းလိုက်ပါတယ်"

ဟူ၍ ထည့်သွင်းမိန့်ကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းသည် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းများအတွက်သာမက မောင်ရင်ငြိမ်းတို့၏ အနာဂတ်လမ်းကြောင်းကိုပါ မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။ မောင်ရင်ငြိမ်းတို့ အနာဂတ်တွင် စွန့်ဦးတီထွင်သူ (Entrepreneur)လူငယ်အများစုလိုပါသည်။ သူတို့လေးတွေအတွက် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးစွာဖြင့် ကွန်ပျူတာ တက္ကသိုလ်များအား ပြည်နယ်၊တိုင်းအနှံ့ တည်ထောင်ဖွင့်လှစ်ပေးသကဲ့သို့ အခြေခံပညာကျောင်းများတွင် ကွန်ပျူတာတပ်ဆင်ခြင်းနှင့် မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်လှစ်ပေးခြင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများအတွက် ကွန်ပျူတာဒီပလိုမာသင်တန်းများအား ပြည်နယ်နှင့်တိုင်းအနှံ့တွင် ဖွင့်လှစ်ခြင်းတို့ဖြင့် လူ့စွမ်းအားအရင်းအမြစ်များကို မြေတောင်မြှောက်ပေးခဲ့သည်။

ရင်ဖွင့်ပန်း

ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသကဲ့သို့ တက်ကြွနိုးကြားသော လူငယ်များ၏ စိတ်ဓာတ်တွင် အမိနိုင်ငံတော်ကြီး၏ မျှော်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် မလျှော့သောဇွဲ လုံ့လဖြင့် လျှောက်လှမ်းသွားကြရန် လိုအပ်ပါသည်။ နိုင်ငံတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို မျက်ခြည်မပြတ် ကြည့်ရှုရမည် ဖြစ်သကဲ့သို့ ICT ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဦးလည်မသုန် ဆောင်ရွက်သွားရန် လိုသည်။

ယနေ့ကမ္ဘာသည် အင်တာနက်ကမ္ဘာ ဖြစ်သည်။ ဆက်သွယ်မှုရရှိသည့် စနစ်တိုင်းတွင် အင်တာနက်ကို ချိတ်ဆက်ကြသည်။ အင်တာနက် အသုံးပြုသူများအောင် ပြုလုပ်ပြီး အင်တာနက် အမြန်နှုန်းအား မြှင့်ကြသည်။ ရိုးရိုးဖုန်းလိုင်း၊ ADSL လိုင်းများမှသည် Gigabite Internet အထိ ချိတ်ဆက်နိုင်အောင် လုပ်ဆောင်လာကြသည်။ Analog စနစ်မှသည် Digital စနစ်သို့ ပြောင်းလဲလာကြသည်။ ရိုးရိုး Phoneလိုင်း ဆက်သွယ်မှုမှသည် ဂြိုဟ်တုစနစ်နှင့် အလင်းဖန်မျှင် (Fibre Optic Cable)ဆက်သွယ်မှုစနစ်သို့ လှမ်းကြသည်။ Narrow-Band မှသည် Wide-Band အထိ ပြောင်းလဲလာကြသည်။

အီလက်ထရွန်းနစ်တိုးတက်သည်နှင့်အမျှ e-Government, e-ASEAN, e-Commerce,e-Procurement, e-Business, e-Bay, e-Education, e-mail,စသည်ဖြင့် အီလက်ထရွန်းနစ်ဖြင့် ထုံမွမ်းထားသကဲ့သို့ မိမိတို့လူမှုအဖွဲ့အစည်းကိုလည်း e-Society ဟုပင် ခေါ်တွင်လာခဲ့ပေသည်။ Globalizationခေတ်တွင် အမိမြန်မာနိုင်ငံကြီးသည် နောက်ကျကျန်ရစ်၍ မဖြစ်တော့ပါ။ နိုင်ငံတော်အနေဖြင့် အဘက်ဘက်မှ လိုလေသေးမရှိအောင် အားပေးကူညီမှုများ ပေးနေသည့် ခေတ်ကြီးတွင် အမိနိုင်ငံ၏ ICT တိုးတက်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိနေသည်။

တိုးတက်သော ခေတ်ကြီးတွင် ကုန်သွယ်မှုပိုလျှံရေးအတွက် သတင်းဆက်သွယ်မှု ထုတ်ကုန်ဈေးကွက် အသုံးပြုလာကြသည်။ e-mail accounts,digital authorization system, digitizingများ သုံး၍ လုပ်ချိန်လျှော့ချလာကြသည်။ အဝေးဆက်သွယ်မှုကို မြန်နှုန်းမြင့် ဝန်ဆောင်မှုများ ပေးလာကြသည်။ မူလတန်း၊ အလယ်တန်းမှသည် အထက်တန်းအထိ အင်တာနက်အသုံးပြုသူများလာစေသည်။ အင်တာနက်သုံးသူ သန်းနှင့်ချီ၍ တိုးတက်လာစေခဲ့သည်။ Onlineမှ ပြည်သူ့ဝန်ဆောင်မှုများကို ချဲ့ထွင်ခြင်းနှင့် စွမ်းအားမြှင့်ခြင်းများ လုပ်ကိုင်လာကြသည်။ Gigabite Per second အထိ လုပ်ဆောင်နိုင်သော မြန်နှုန်းမြင့် သတင်းလုံခြုံမှု နည်းစနစ်များ အသုံးပြုလာ ကြသည်။ DWDM (Dense Wavelength Division Multiplexing) နှင့် ATM(Asynchronous Transfer Mode) များအသုံးပြု၍ မြန်နှုန်းမြင့် အဝေးဆက်သွယ်မှုစနစ်များအဖြစ် အားမြှင့်လာကြသည်။ မိုဘိုင်းဆက်သွယ်မှုအဆောက်အအုံ (Mobile Communication Infrastructure)အား မြန်နှုန်းမြင့်ရအောင် လုပ်ဆောင်လာကြသည်။ နောင်ဖြစ်လာမည့် လွှင့်အားနည်းပညာ သုတေသနအား တိုးတက်အောင် လုပ်ဆောင်လာကြသည်။ ၎င်းတို့သည် အနာဂတ် ICTတည်ဆောက်ရာတွင် အခြေခံရမည့် ICT၏ အခြေခံအုတ်မြစ်များပင် ဖြစ်ပါသည်။ ယနေ့ ICTခေတ်တွင် တိုးတက်သော နိုင်ငံများ၏ နည်းပညာများကို မျက်ခြည်ပြတ်ခံ၍ မရတော့ပါ။

နိုင်ငံခြားတွင် Soft Ware နှင့် Hard Ware ပညာသင်ခဲ့သော လူငယ်အချို့ MICT ရှိ ကုမ္ပဏီရုံးခန်းများတွင် လာရောက်၍ ၎င်းတို့ သင်ယူခဲ့သော ဘာသာရပ်များကို ဆင့်ပွားပို့ချနေသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။ ဆီမီးတစ်တိုင်မှ ဆီမီးတိုင်ပေါင်းများစွာ ထွန်းနိုင်ပါလိမ့်မည်။ နိုင်ငံတော်ကလည်း Information High Way လမ်းများကို ဖောက်လျက်ရှိသည်။ အင်တာနက် သုံးသူများ Bottle Neck မဖြစ်ရအောင် Internet Access တိုးချဲ့လျက်ရှိသည်။ ၎င်းကလည်း ICTကို မှီ၍လုပ်ကိုင်ရသော ပြည်တွင်း ICTအသိပညာရှင်၊ အတတ်ပညာရှင်များအတွက် ဝမ်းသာစရာပင် ဖြစ်သည်။ MICT တွင် ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲများ၊ Seminar များသည် ICTကို စိတ်ဝင်စားကြသော လူငယ်များအတွက် ပညာဗဟုသုတများ ရရှိစေသည်။

ယနေ့ မောင်ရင်ငြိမ်းတို့ရဲ့ ရှေ့ဆက်သွားရမယ့်ခရီးမှာ ဘာလိုအပ်ပါသလဲလို့မေးရင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားခဲ့သည့် ဗဟုသုတတွေ၊ အတုမြင် အတတ်သင်မှုတွေ၊ ကိုယ်ပိုင် တီထွင်မှုတွေ လိုသည်ဟု ပြောရပါမည်။ အသိပညာ၊ အတတ်ပညာမရှိဘဲ IT ခေတ်ကို မသွားနိုင်ပါ။ လူ့စွမ်းအားအရင်းအမြစ်သည် နိုင်ငံတော်၏ အခြေခံအားဖြစ်ကြောင်း ကောင်းကောင်းသဘောပေါက်ခဲ့ကြပြီး ဖြစ်သည်။

ICTခေတ်တွင် မြန်မာ့ကွန်ပျူတာပညာရှင်များ အနေဖြင့် Myanmar Character Set စမ်းသပ်ရေးသားနေပြီမို့ အင်္ဂလိပ်စာမတတ်သူများပင် ကွန်ပျူတာကို အသုံးပြုနိုင်တော့မည် ဖြစ်သည်။ အဝေးရောက် သူ့သားများထံ အီး–မေးလ်များ ပို့နိုင်ပေတော့မည်။ ICT၏ e-Societyအရ ဖြစ်ထွန်းလာတော့မည့် မြန်မာ့လူငယ် မျိုးဆက်သစ်များက ICT ကို လိုက်လှဲပျူငှာစွာ ကြိုဆိုကြရင်း အမိနိုင်ငံတော်ကို ကျေးဇူးဆပ်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြန်မာ ICT ရက်သတ္တပတ်

၂၀၀၅ ခုနှစ်

(၂၁–၁–၂၀၀၅) ရက်မှ (၂၇–၁–၂၀၀၅) ရက်အထိ

MICT Park၊ ရန်ကုန်မြို့။

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅

(ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

ဇန်နဝါရီ ၂၁ ရက်၊ သောကြာနေ့

- ၀၉း၀၀–၁၇း၀၀ – အကြို ICT ပြပွဲ၊ ပြခန်းများ
- ၁၃း၀၀–၁၆း၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ
- – ICT Competitions

ဇန်နဝါရီ ၂၂ ရက်၊ စနေနေ့

- ၀၉း၀၀–၁၇း၀၀ – အကြို ICT ပြပွဲ၊ ပြခန်းများ
- ၀၉း၀၀–၁၂း၀၀ – ICT Product Presentation
- ၀၉း၀၀–၁၇း၀၀ – ICT Competitions
- ၁၃း၀၀–၁၆း၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့

- ၀၈း၃၀ – ဖွင့်ပွဲအခမ်းအနား
- ၁၀း၀၀–၁၇း၀၀ – ICT ပြပွဲ၊ ပြခန်းများ
- ၁၀း၀၀–၁၂း၀၀ – ICT Product Presentation
- ၁၀း၀၀–၁၇း၀၀ – ICT Competitions
- ၁၃း၀၀–၁၆း၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့

- ၀၉း၀၀–၁၇း၀၀ – ICT ပြပွဲ၊ ပြခန်းများ
- ၀၉း၀၀–၁၂း၀၀ – ICT Product Presentation
- ၀၉း၀၀–၁၇း၀၀ – ICT Competitions
- ၁၃း၀၀–၁၆း၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့

- ၀၉း၀၀–၁၇း၀၀ – ICT ပြပွဲ၊ ပြခန်းများ
- ၀၉း၀၀–၁၂း၀၀ – ICT Product Presentation
- ၀၉း၀၀–၁၇း၀၀ – Network Game ပြိုင်ပွဲ
- ၁၃း၀၀–၁၆း၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

- ၀၉း၀၀–၁၇း၀၀ – ICT ပြပွဲ၊ ပြခန်းများ
- ၀၉း၀၀–၁၂း၀၀ – ICT Product Presentation
- ၀၉း၀၀–၁၇း၀၀ – Network Game ပြိုင်ပွဲ
- ၁၃း၀၀–၁၆း၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

- ၀၉း၀၀–၁၇း၀၀ – ICT ပြပွဲ၊ ပြခန်းများ
- ၀၉း၀၀–၁၇း၀၀ – Network Game နောက်ဆုံးပြိုင်ပွဲ
- ၁၃း၀၀–၁၆း၀၀ – ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
- – ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
- – အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ၊ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်။)

MICT Park၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ ရန်ကုန်။

စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန်ငွေလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

ပင်းယခေတ် အမတ်ကြီးဦးပုည တည်ထား၍ ပင်းယတစ်စီးရှင် သီဟသူမင်းတရားကြီး ရွှေထီးတော် တင်လှူခဲ့သော ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးကို သီတဂူဆရာတော်အမှူးပြုသော ဩဝါဒါစရိယအဖွဲ့၊ ဂေါပကအဖွဲ့နှင့် အလှူရှင်များက ပြင်ဆင်မွမ်းမံကြရာ စေတီတော်ကြီးကို မွမ်းမံပြင်ဆင်ခြင်း၊ ရွှေထီးအသစ်တင်လှူခြင်း၊ ရွှေသားငှက်မြတ်နားနှင့် နဝရတ်ကိုးသွယ် စီခြယ်သည့် စိန်ဖူးတော်အသစ်တင်လှူခြင်း၊ စေတီတော် ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းအစီအစဉ်တို့ကို စတင်ဆောင်ရွက်နေပြီဖြစ်ရာ ဇန်နဝါရီ၁၉ရက်က ပုညရှင်စေတီတော်ရင်ပြင်ဂေါပကအဖွဲ့ရုံးခန်း၌ ဒုတိယအကြိမ် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ သီတဂူဆရာတော်၊ ဆရာတော်အရှင်မဟာသဓပဏ္ဍိတ၊ စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်နှင့် ဂေါပကအဖွဲ့ဝင်လူကြီးများ၊ အလှူရှင်များ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ငွေကျပ် ၁၀ သိန်းစီလှူဒါန်း

ထိုအလှူတော်ငွေပေးအပ်ပွဲအခမ်းအနား၌ ရွှေသင်္ကန်းအလှူရှင် ရွှေသံလွင်ကုမ္ပဏီလီမိတက် မိသားစု ရန်ကုန်မြို့၊ ဦးမျိုးညွန့်-ဒေါ်ရီရီရွှေ သမီး ဖွန်ပွင့်၊ ဖူးပွင့်၊ စန္ဒကူးမိသားစု ဗဟန်း ရန်ကုန်မြို့နှင့် ကိုမြင့်သိန်းဦး- မဇာခြည်လင်း မိသားစု စစ်ကိုင်းမြို့တို့က ငွေကျပ်သိန်းတစ်ရာစီ လှူဒါန်းကြသည်။ ပုညရှင်စေတီတော်မြတ်ကြီး၏ အရံစေတီတော်လေးဆူ၊ ထီးတော်အသစ် တင်လှူခြင်းနှင့် ရွှေသင်္ကန်း ကပ်လှူခြင်းအတွက် မန္တလေးမြို့ ၈၄ လမ်း၊ နေပြည်တော်ပုံနှိပ်တိုက် ဦးဘမြင့်-ဒေါ်ညိုညို သားသမီးတစ်စု၊ မန္တလေးမြို့ ၈၅ လမ်း၊ ဦးခင်မောင်-ဒေါ်ထူး ရွှေမြင်းပဲခွဲစက် သားသမီးတစ်စု၊ မန္တလေးမြို့ ၇၄လမ်း၊ ပြည့်စုံဆီစက် ဦးမြင့်မောင်-ဒေါ်ချိုချိုညွန့် မိသားစု၊ ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်း၊ ဦးကျော်ရွှေ-ဒေါ်အေးအေးမိသားစု အလှူရှင်လေးဦးတို့က ငွေကျပ် ၁၀သိန်းစီအသီးသီးလှူဒါန်းကြသည်။

ထို့နောက် အလှူရှင်ပေါင်း ၃၇ဦးတို့က ရွှေချိန် သုံးကျပ်သားရှိ ရွှေခေါင်းလောင်းတစ်လုံး၊ ရွှေချိန် နှစ်ကျပ်သားရှိ ရွှေခေါင်းလောင်း ၁၉လုံးနှင့် ရွှေချိန်တစ်ကျပ်ခွဲသားရှိ ရွှေခေါင်းလောင်း အလုံး ၂၀တို့ကို အသီးသီး လှူဒါန်းသွားကြသည်။

တရားဟောကြားချီးမြှင့်

ထို့အပြင် ဘုရားကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် စစ်ကိုင်းတောင်ရိုး ထိန်ငူချောင် ကျောင်းအမ ဒေါ်ကျင်ဌေးနှင့်ချောင်ဆရာဒေါ်ဝဏ္ဏာတို့က အလှူငွေကျပ်ငွေငါးသိန်းအပါအဝင် အလှူရှင်ပေါင်း၂၅ဦးတို့က ရွှေသင်္ကန်းတော်အတွက် အလှူငွေပေါင်း ကျပ်သိန်း၁၀၀ကျော် လှူဒါန်းသွားကြသည်။ အလှူရှင်အသီးသီးက ပေးအပ်သည့် အလှူငွေများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်၊ ဆွမ်းဦးပုညရှင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတိုက်ပြည့်တို့က လက်ခံရယူပြီး သီတဂူဆရာတော်က အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွယ်လွန်သူ ဗိုလ်ကြီးဒေါ်လှငွေ(ငြိမ်း)အား ရည်စူး၍ စစ်သူနာပြုအပတ်စဉ်(၄)မှ သူငယ်ချင်းများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ထာဝရဆေး၊ ဆွမ်းပဒေသာပင် အလှူငွေကျပ် တစ်သိန်းကို အုပ်ချုပ်ရေးအဖွဲ့သို့ လှူဒါန်းစဉ်။ (က-ပ)

■ ရှေ့ဖုံးမှ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)သည် မြို့တော်နေပြည်သူများသောက်သုံးရန် ဂျိုးဖြူရေလှောင်ကန်မှ ရေဂါလန် ၂၇ သန်း၊ ဖူးကြီးရေလှောင်ကန်မှ ရေဂါလန် ၄၄ သန်း၊ လှော်ကားရေလှောင်ကန်မှ ရေဂါလန် ၁၄သန်း၊ မြို့တော်စည်ပင်ပိုင် အဝီစိတွင်းများမှ ရေဂါလန် ၁၀သန်း စုစုပေါင်း ၉၅သန်းကို နေ့စဉ်ဖြန့်ဝေပေးလျက်ရှိသည်။

ထပ်မံတိုးမြှင့်ပေး

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်ကြသည့် လူဦးရေသည် ၁၉၇၃ခုနှစ်က သုံးသန်းကျော်ခန့်ရှိခဲ့ရာမှ ယခုအခါ ၅ ဒသမ ၈ သန်းကျော်အထိ တိုးပွားလာသည်။ ထို့အပြင် ရန်ကုန်တိုင်းအတွင်း မြို့သစ်များ အစီအရီပေါ်ပေါက်လာသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်၏ လူဦးရေတိုးတက်မှုနှုန်းကို ချိန်ဆ၍ တစ်နေ့လျှင် ပေးနေကျ ရေဂါလန် ၉၅ သန်းအပြင် ထပ်မံတိုးမြှင့်ပေးရန် လိုအပ်လာသည်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)ကို ၁၉၉၂ခုနှစ် ဧပြီ ၁၇ရက်တွင် ပြုလုပ်သော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့(၁/၉၂) အစည်းအဝေးက အတည်ပြုပေးခဲ့သည်။

ဆက်လက်အကောင်အထည်ဖော်

အဆိုပါစီမံကိန်းမှာ ငမိုးရိပ်ဆည်မှ ရန်ကုန်မြို့တော်အထိ ၃၂မိုင် အကွာအဝေးအား ပိုက်လိုင်းများချ ရေသွယ်ယူနိုင်ရန် စီမံခဲ့ခြင်းဖြစ်ပြီး အထယုကျေးရွာအနီး ရေတွင်းစက်ရုံ တည်ဆောက်မည့်နေရာမှ ပုလဲမြို့သစ်အထိ ၈ဒသမ ၅မိုင်ခန့်ကိုသာ ၅၆ လက်မ အချင်းရှိ သံမဏိရေပိုက်လိုင်းများဖြင့် ဆက်သွယ်နိုင်ခဲ့ပြီး ၁၉၉၇-၉၈ ခုနှစ်တွင် လုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့သည်။ အဆိုပါစီမံကိန်းအား ဆက်လက် အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၄ ခုနှစ် မေ ၇ရက်တွင် ငမိုးရိပ်ရေလှောင်တမံမှ သောက်သုံးရေ သွယ်ယူရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ ထို့ကြောင့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

ငမိုးရိပ်ရေလှောင်တမံ အထက်တွင် ပေါင်းလင်းဆည်နှင့် မဟူရာဆည်တို့တည်ဆောက်ပြီးစီးပြီဖြစ်ရာ ယခင်သတ်မှတ်ထားသော ရေဂါလန်သန်း ၉၀အစား ဂါလန် ၁၃၅သန်း ရယူသုံးစွဲနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ မူလစီမံကိန်းဖြစ်သော ငမိုးရိပ်ရေလှောင်တမံမှ ပိုက်ဆက်သွယ်ခြင်းအစား အကွာအဝေး ၆ဒသမ ၆မိုင်ရှိသည့် ငမိုးရိပ်ပင်မရေမြောင်းမကြီးမှ အထယုရေတွင်း စက်ရုံတည်ဆောက်မည့်နေရာသို့ ရေခေါ်တူးမြောင်း (Open Channel) စနစ်ဖြင့် ရေသွယ်ယူသန့်စင်၍ ရန်ကုန်မြို့တော်သို့ရေဖြန့်ဝေနိုင်ရန်အတွက် စီမံကိန်းအဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်း ပထမအဆင့်အနေဖြင့် အထယုရေတွင်းစက်ရုံမှ အချင်း ၅၆ လက်မရေပိုက်လိုင်းဖြင့် တစ်နေ့လျှင် ရေဂါလန် ၄၅သန်းခန့်တွန်းပို့၍ လှော်ကားရေလှောင်ကန်သို့ ရေဂါလန်သန်း ၃၀ဖြည့်တင်းပေးမည်ဖြစ်သည်။ ကျန်သည့်ရေဂါလန် ၁၅သန်းအား မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊သင်္ဃန်းကျွန်းမြို့နယ်များသို့ ထပ်မံဖြန့်ဝေပေးသွားမည်ဖြစ်သည်။ အထက်ပါစီမံကိန်းသည် ယခုနှစ် မေလတွင်ပြီးစီးမည် ဖြစ်သည်။

ရေဖြည့်တင်းပေးသွားမည်

ဒုတိယအဆင့် စီမံကိန်းအဖြစ် တစ်နေ့လျှင် ရေဂါလန် ၄၅သန်းကိုလည်း ထပ်မံဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ အထယုရေတွင်းစက်ရုံမှ မြောက်ဥက္ကလာပသုဓမ္မာနှင့်ခေမာသီလမ်းဆုံအထိ ၁၄ဒသမ ၅မိုင် အကွာအဝေးတွင် ၅၆လက်မရေပိုက်လိုင်းအသစ်ဖြင့်ထပ်မံသွယ်ယူပေးမည်။ ၎င်းပိုက်မကြီးမှတစ်ဆင့် ၂၄လက်မအချင်းရှိ ပိုက်လိုင်းတစ်လိုင်းဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်များသို့ ရေဖြန့်ဝေပေးသွားမည့်အပြင် သာကေတ၊ ဒေါပုံမြို့နယ်များကိုပါ ရေအားဖြည့်တင်းပေးသွားမည်ဖြစ်သည်။

ရေပိုမိုဖြန့်ဖြူးနိုင်

ဆက်လက်၍ မြောက်ဥက္ကလာပသုဓမ္မာနှင့်ခေမာသီလမ်းဆုံပင်မပိုက်လိုင်းကြီးမှပင် ၃၆လက်မအချင်းရှိ ပိုက်လိုင်းနှစ်လိုင်းထပ်မံသွယ်တန်း၍ တောင်ဥက္ကလာပ၊ ရန်ကင်း၊ ဗဟန်း၊ တာမွေမြို့နယ်များသို့ရေအားဖြည့်ဖြန့်ဖြူးသွားမည်ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်ပေးသည့်အတွက် အထက်ပါ မြို့နယ်များသို့ ဂျိုးဖြူပိုက်မှ ရေပေးဝေရန်မလိုအပ်တော့သဖြင့် စမ်းချောင်း၊ အလုံ၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတားမြို့နယ်များသို့ ရေပိုမိုဖြည့်တင်းဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

တတိယအဆင့် စီမံကိန်းအဖြစ် အထယုရေတွင်းစက်ရုံမှ လှော်ကားကန်အထိ ၈ဒသမ ၅မိုင်အား အချင်း ၅၆လက်မရှိ ရေပိုက်လိုင်းသစ်တစ်လိုင်း ထပ်မံသွယ်တန်း၍ နေ့စဉ်ရေဂါလန် ၄၅သန်းတိုက်ရိုက်ပေးပို့သွားမည်။ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် လှော်ကားရေလှောင်ကန်တွင် ရေတွင်း စက်ရုံတစ်ရုံ ထပ်မံတည်ဆောက်၍ ရေပိုက်လိုင်းဆက်သွယ်ဖြန့်ဖြူးနိုင်ခြင်း မရှိသေးသည့် လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်မြို့နယ်များသို့ ရေပေးဝေဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည့်အပြင် လှိုင်၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊စမ်းချောင်းမြို့နယ်များသို့ပါ ရေအားပိုမို ဖြည့်တင်းဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်နေပြည်သူများအတွက် ရေလုံလောက်ရမည်၊ ပေးဝေနေသည့်ရေများ ကြည်လင်ရမည်၊ ရောဂါပိုးမွှား ကင်းစင်ရမည်ဟူသည့် ရည်မှန်းချက် သုံးရပ်နှင့်အညီ ငမိုးရိပ်ရေပေးဝေရေးစီမံကိန်းကို ဆောင်ရွက်နေခြင်းဖြစ်သည်။ ယင်းကဲ့သို့ အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်ရာ အဆင့်တစ်ဆင့်လျှင် သာမန်အားဖြင့် တစ်နှစ်ခန့်ကြာမြင့်မည်ဖြစ်သည်။

ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရှိ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်နေခြင်းဖြစ်သည်။

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)ဝင်းအတွင်း၌ အနည်ထိုင်ကန်နှင့် ရေစစ်ကန်များ ရေရှည်တည်တံ့ကြံ့ခိုင်ရေးအတွက် ပိုင်များရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ဓာတ်ပုံမှတ်တမ်း-သန်းဆွေ(ပန်းဘဲတန်း)

သောက်သုံးရန်ဖြန့်ဝေမည်

ငမိုးရိပ်ပင်မရေသွယ်မြောင်းကြီးမှ သွယ်ယူသောရေကို ပထမအဆင့် အနည်ထိုင်ကန်သို့ပို့၍ အနည်ထိုင်အောင်ဆောင်ရွက်မည်။ ဒုတိယအဆင့် ကျောက်ချဉ်ခပ်ပြီး အနည်များဆုဝေးသွားရန်နှင့် အနည်များခွဲထုတ်ရန် ဆောင်ရွက်မည်ဖြစ်သည်။ တတိယအဆင့်အနေဖြင့် အနည်မရှိသည့်ရေကို ကြည်လင်ရန် သဲစစ်ကန်ကို ဖြတ်သန်းစေပြီး ရေကိုကြည်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကြည်လင်သွားသည့် ရေအချို့တွင်ရှိသည့် ပိုးမွှားတချို့တစ်ဝက်သည် ရေစစ်လိုက်သည့်အတွက် သဲစစ်ကန်၌ ကျန်ခဲ့ပြီး သဲစစ်ကန်မှဖြတ်သန်းလာသည့်ရေကို ရေတွန်းစက်ဖြင့်တွန်း၍ မဖြန့်ဖြူးမီ ကလိုရင်းဓာတ်ငွေ့ခတ်ကာ ပိုးသတ်ပြီးမှ ပြည်သူများ သောက်သုံးရန် ဖြန့်ဝေသွားမည်ဖြစ်သည်။

ငမိုးရိပ်ရေပေးဝေရေးစခန်းမှ ပို့လွှတ်သော ပိုးသတ်ထားပြီး ကြည်လင်သန့်ရှင်းသည့်ရေများကဲ့သို့ပင် လှော်ကားကန်တွင်လည်း ကလိုရင်းခတ်မည့်စက် တပ်ဆင်ပြီး လှော်ကား၊ ဂျိုးဖြူ၊ ဖူးကြီးရှိရေများကို ကလိုရင်းဓာတ်ငွေ့ခတ်ကာ သက်ဆိုင်ရာမြို့နယ်များသို့ ပို့လွှတ်သွားမည်ဖြစ်သည်။

ငမိုးရိပ်ပင်မရေသွယ်မြောင်းမကြီးမှ အထယုကျေးရွာအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)ဝင်းအရောက် ၆ဒသမ၆မိုင် အကွာအဝေးကို ရေခေါ်တူးမြောင်းစနစ်ဖြင့် ရေသွယ်ယူရာတွင် ငမိုးရိပ်ချောင်း၊ အထယုချောင်းနှင့် လက်ယာဘက် လက်တံမြောင်းများကို ဖြတ်သန်းရသည်။ ဖြတ်သန်းရာနေရာများတွင် ရေငုပ်ပြွန်တည်ဆောက်ရခြင်းနှင့် တံတားကြီးတစ်စင်းတည်ဆောက်ရခြင်းတို့ ပါဝင်မည်ဖြစ်သည်။

ရေစစ်ကန်များတည်ဆောက်နေ

ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)ဝင်း၌ အကြိုအနည်ထိုင်ကန်၊ အနည်ထိုင်ကန်၊ သဲရေစစ်ကန်၊ ရေစုကန်၊ ရေတွန်းစက်ရုံနှင့် ကလိုရင်းဆေးခတ်စက်ရုံတို့ တည်ဆောက်မည်ဖြစ်သည်။ အနည်ထိုင်ကန်နှင့်ရေစစ်ကန်များကို အစဉ်တည်တံ့ ခိုင်မြဲရန်အတွက် ပိုင်များရိုက်၍ တည်ဆောက်နေခြင်း ဖြစ်သည်။

ထို့အပြင် လျှပ်စစ်ဓာတ်အားရရှိစေရန် ၃၃ကေဗွီကောင်းကင်ဓာတ်အားလိုင်း ၁၁မိုင် သွယ်တန်းခြင်း၊ ဓာတ်အားခွဲရုံများတည်ဆောက်ခြင်း၊ ရေတွန်းစက်များတပ်ဆင်ခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်သည်။ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)တစ်ခုလုံးအတွက် ငွေကျပ် သိန်းပေါင်းလေးသောင်းကျော် အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်နေပြည်သူများသို့ ကြည်လင်သန့်ရှင်း ပိုးမွှားကင်းစင်သော ရေကောင်းရေသန့်များ ဖြန့်ဝေပေးနိုင်ရေးအတွက် ဤကဲ့သို့ ကျပ်သိန်းပေါင်းများစွာ အကုန်အကျခံ၍ ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

လှော်ကား၊ ဂျိုးဖြူ၊ ဖူးကြီး ရေလှောင်ကန် သုံးကန်မှတစ်နေ့ ရေဂါလန် ၈၅သန်းသာ ဖြန့်ဝေပေးသော်လည်း ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)ပြီးစီးပါက ၎င်းစီမံကိန်းတစ်ခုတည်းမှပင် တစ်နေ့လျှင် ရေဂါလန် ၁၃၅သန်းဖြန့်ဝေပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရွှေနေချုပ်ဆုပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၀

ရွှေနေချုပ်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ပဲခူးတိုင်း ဥပဒေရုံး၊ အစည်းအဝေးခန်းမ၌ ယနေ့ နေ့လယ်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရှေ့နေချုပ်ကိုယ်စား ပဲခူးတိုင်းဥပဒေအရာရှိ ဦးဟန်ညွန့်က ဝေါမြို့နယ် ဥပဒေအရာရှိ ဦးကျော်တင့်အား ရှေ့နေချုပ်ဆု(တတိယအဆင့်)ကို လည်းကောင်း၊ ပညာရည်ထူးချွန်သူ ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံများအား ပဲခူးတိုင်းဥပဒေအရာရှိက တိုင်းအတွင်းရှိ ဥပဒေအရာရှိများအား ထပ်ဆင့်ရှင်းလင်းသည်။ **(က-ပ)**

မီးဘေး
အန္တရာယ်
အစဉ်သတိပြု
ကာကွယ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပုံပါကျင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃- ၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော အောင်မင်္ဂလာ ကျောက်ချောလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်စိုး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် အဖွဲ့ ဒီဇင်ဘာ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံဦးကျော်လွင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်

ပခုက္ကူ ဇန်နဝါရီ ၅

ပခုက္ကူမြို့နယ် ကျွဲတဲကျေးရွာအုပ်စု မီးသွေးကန် ကျေးရွာ ပညာတန်ဆောင်အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁နာရီက အဆိုပါကျေးရွာအမက(ဗ၁)ကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က အမှာစကား ပြောကြားပြီး ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဖေက ကျေးလက် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြားပြီး စာအုပ်မျိုးစုံကို မြို့နယ် အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်က ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးတို့က လက်ခံရယူကြသည်။ ထို့နောက်ပညာတန်ဆောင်အလင်းရောင် စာကြည့်တိုက်ကိုမြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့်ခရိုင်ဦးစီးအရာရှိဦးဝင်းဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ (၄၁၃)

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမရပူရမြို့နယ် ဇီဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် ငွေလှူ

မြစ်ငယ် ဇန်နဝါရီ ၈

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ တည်ဆောက်နေသော ဇီဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် အလှူငွေကျပ် ၁၅၀၀၀၀လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် ညနေ၅နာရီက အဆိုပါ ကျေးရွာရှိစက်ရုံဝင်း အတွင်း ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဇေယျက ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ လျှပ်စစ်မီးလင်းရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး(မန္တလေးခရိုင်၊ နယ်မြေတာဝန်ခံ) ဦးကျော်က အလှူငွေ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ငွေကျပ် ၁၅၀၀၀၀ ကို တိုင်းအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်က ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇေယျက လက်ခံရယူသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းတွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့သည် ကျေးရွာအတွင်း နှစ်ပေမီးချောင်း ၁၄၂ချောင်း ပဏာမတပ်ဆင်ပြီးစီးမှုနှင့် စက်အစမ်းလည်ပတ်ပြသမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ (၂၀၉)

ဇန်နဝါရီ ၆ ရက်က ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသပ်ရပ် သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့ပြလမ်းဖြစ်သည့် လမ်းအရှည်ပေ ၂၁၀၀၊ အကျယ် ၂၂ပေကို ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဆန်းမော်ခင်၏ ကြီးကြပ်မှုဖြင့် အင်ဂျင်နီယာမှူး ဦးစိုးသန်းနှင့် အဖွဲ့တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ အုပ်ချုပ်ရေးရုံး အဆောက်အအုံသစ်ဖွင့်

နွားထိုးကြီး ဇန်နဝါရီ ၁၅

နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ အုပ်ချုပ်ရေးရုံး အဆောက်အအုံသစ် ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးရုံးသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။ ပြင်စည်စံပြကျေးရွာ အုပ်ချုပ်ရေးရုံးသစ် အဆောက်အအုံသစ်မှာ အလျား ၄၅ပေ၊ အနံ ၂၇ပေရှိ နံရံကပ် သွပ်မိုးအဆောက်အအုံဖြစ်ကြောင်း သိရသည်။ (၂၁၃)

မြန်မာဇာတ်ကားသစ်များ ရုံမဝင် ပြဆဲဇာတ်ကားများ အရှိန်အဟုန်ကောင်းဆဲ

ရန်ကုန် ဇန်နဝါရီ ၂၀

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ ဒါရိုက်တာနောင်ထွန်းလွင်၊ ညီညီထွန်းလွင် ရိုက်ကူးသည့် အချစ်ရဲ့နယ်စပ် အမုန်းရဲ့မြို့ရိုး ဇာတ်ကား သမ္မတနှင့် သွင်အဆင့်မြင့်ရုံများတွင် ဆက်လက်ပြသနေသည်။

နေကမွေးတဲ့လ

ရှေ့ဆောင်ရုံတွင် အကယ်ဒမီနှစ်ဆုရ ဇာတ်ကား **နေကမွေးတဲ့လ** ပြန်လည်ပြသနေသည်။ ဒါရိုက်တာ မောင်တင်ဦးရိုက်ကူးပြီး ကျော်ဟိန်း၊ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်နှင့် တင့်တင့်ထွန်းတို့ ခေါင်းဆောင်ပါဝင် သရုပ်ဆောင်ထားသည်။ အကယ်ဒမီရပြကွက်များ ပြန်လည်ခံစားလိုသူများအတွက် တင်ဆက်ခြင်းဖြစ်သည်။

‘အချစ်ရဲ့နယ်စပ် အမုန်းရဲ့မြို့ရိုး’ ဇာတ်ကားမှ မင်းဟိဏ်းနှင့် နဝရတ်။

ရုပ်ရှင်သတင်းထောက်

မင်္ဂလာအဆင့်မြင့်ရုံတွင် ဂျိမ်းစဘွန်း ဇာတ်ကား Die Another Dayတစ်ကျော့ပြန်ဝင်လာသည်။ နေပြည်တော်ရုံတွင်Anacondas ဇာတ်ကား ဆက်လက်ပြသလျက်ရှိသည်။

အိန္ဒိယဇာတ်ကားသစ်ရုံဝင်

အိန္ဒိယ နာမည်ကြီး မင်းသား ဆယ်လ်မန်ခန်း၊ ဂျက်ကီရှရွတ်တို့ ခေါင်းဆောင်ပါဝင်ထားသော Kahin Pyaar Na Ho Jaaye ဇာတ်ကား တန်းမြင့်မြို့မရုံတွင် ရုံဝင်လာသည်။ ကျေးဇူးရှင်သူဌေးနှင့် လက်ဆက်သွားသော ချစ်သူကို စောင့်စားရင်း အရက်သမားဘဝရောက်သွားသော အဆိုတော်လေး တစ်ယောက် ဒုတိယအကြိမ် အချစ်ရှုံးသမားဖြစ်ခါနီးမှ သတိတရား ရသွားသည့် ဇာတ်လမ်းကို အခြေခံရိုက်ကူးထားသော အချစ်ဇာတ်မြူး ပညာပေး ဇာတ်ကားဖြစ်သည်။



မြို့မရုံတွင် ပြသနေသော ‘Kahin Pyaar Na Ho Jaaye’ ဇာတ်ကားမှ ဆယ်လ်မန်ခန်း။

ရွှေဂုန်ရုံတွင် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကား Devdas ဇာတ်ကား ပြသနေသည်။ ယင်းဇာတ်ကားသည် ပြင်သစ်နိုင်ငံ ကိန်းရုပ်ရှင်ပွဲတော်ဝင် အကောင်းဆုံး ဇာတ်ကားစာရင်းဝင် ဖြစ်သည်။ Devdas တွင် နာမည်ကြီးမင်းသား ရှာရွတ်ခန်း ခေါင်းဆောင် ပါဝင်ထားသည်။

ပက်ထရစ်ရွှေဂေါင်း

ဒါရိုက်တာ ခင်စောမျိုး ရိုက်ကူးပြီး မင်းမော်ကွန်း၊ ကျော်သူ၊ ဇာဂနာ၊ မေသန်းနု၊ ဆုပန်ထွာ၊ သုန္ဒြေဦးတို့ ခေါင်းဆောင်ပါဝင်ထားသော **ပက်ထရစ်ရွှေဂေါင်း** ဇာတ်ကား နဝဒေး၊ ရွှေမန်း၊ စံပြနှင့် မြရတနာရုံများတွင် ပြသနေသည်။ **(မြန်မာ့အလင်း)**

မကြာမီ ရုံတင်မည့် ‘ဆားပုလင်း မင်းအောင်နှင့် နေမင်း၏ သမီးတော်’ ဇာတ်ကားမှ ထွန်းအိန္ဒြာဗို ၏ သရုပ်ဆောင်ဟန်။

နေမင်း၏သမီးတော် ရုံတင်မည်

မင်းမြတ်သူရ၏ ဝတ္ထုကိုဒါရိုက်တာ မင်းရဲထက် ရိုက်ကူးသည့် **ဆားပုလင်းမင်းအောင်နှင့် နေမင်း၏ သမီးတော်** ဇာတ်ကား မကြာမီ ရုံတင်မည် ဖြစ်သည်။

နေမင်း၏ သမီးတော်တွင် ကျော်သူ၊ နေထက်လင်း၊ ထွန်းအိန္ဒြာဗို၊ မင်းသူ၊ ဂဠုဝင်နှင့် လူကြမ်းပေါင်းစုံ ပါဝင်ထားသည်။ ကိုလိုနီနယ်ချဲ့စနစ်၏ မတရားမှုများကို မဟုတ်မခံအားနှင့် မာန်နှင့်တွန်းလှန်တိုက်ခိုက်နေသော နေမင်း၏ သမီးတော်အဖြစ် ဇာတ်လမ်းဆင် ရိုက်ကူးထားသည်။ ယင်းဇာတ်ကားတွင် အကယ်ဒမီ ထွန်းအိန္ဒြာဗို၏ အထိုးအခုတ် အသတ် အပုတ် များဖြင့် ကြမ်းကြမ်းရမ်းရမ်း သရုပ်ဆောင်ကွက်များကို ရှုစားရမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ပထမအကြိမ် အဲယားပုဂံအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၀

Myanmar PGA နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် တို့က ကြီးမှူး၍ Air Bagan Ltdကအဓိက ကူညီပံ့ပိုးသည့် ၂၀၀၅ခုနှစ် ပထမအကြိမ် Air Bagan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီက မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ ပုဂံဂေါက်ကွင်း၌ ကျင်းပသည်။

၁၈ ကျင်းပြိုင်ပွဲ

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် တီခုံအမှတ်(၁၀)(10th TEE)၌နေရာယူကြပြီး ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇ၊ MPGAနှင့်MGF အမှုဆောင် ဦးကိုကိုလေး၊MGF တွဲဖက်အတွင်းရေးမှူး ဦးရေးထက်ဒိုးနှင့် Air Bagan Ltdဒါရိုက်တာ ဦးမင်းသိန်းတို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ် ပေးကာ ပထမနေ့ ၁၈ ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

အောင်ဇော်မိုး ဦးဆောင်

ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ အောင်ဇော်မိုး(Wilson)က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ပြီး ၇၁ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မင်းနိုင်(Srixon)၊အေးလွင်(Wilson)နှင့် လှမျိုး(K.M Golf Centre)တို့က ၇၃ချက်စီဖြင့် တတိယလိုက်နေကြသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲ တွင် သိန်းဇော်မြင့်က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်၍ ၇၁ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ဇော်ဇင်ဝင်းက ၇၂ ချက်ဖြင့် ဒုတိယလိုက်နေသည်။

တာဝန်ယူ

အဆိုပါပြိုင်ပွဲ တွင် ယှဉ်ပြိုင်လျက်ရှိသော ဂေါက်သီးရိုက်အားကစားသမားများအတွက် Official Hotel အဖြစ် Myanmar Treasure Resort Hotel ကိုသတ်မှတ် ထားပြီး ယင်းပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized By HAN Event Managementက တာဝန်ယူဆောင်ရွက်ပေးလျက် ရှိသည်။

ဇန်နဝါရီ ၂၁ ရက်နံနက်၈ နာရီတွင် ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲ ကို ယင်းဂေါက်ကွင်း၌ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာ ခြင်းအလုံးခတ်ပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

အင်းစိန်မြို့ မင်းဓမ္မကုန်းတောင်ပေါ်ရှိ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ခြင်းအလုံးခတ်ပွဲကျင်းပရေးကော်မတီကကြီးမှူး၍ ဖေဖော်ဝါရီ ၁၃ရက်မှ ၂၂ ရက်အထိ မြန်မာ့ရိုးရာ ခြင်းအလုံးခတ်ပွဲများကျင်းပမည်ဖြစ်သည်။ အနယ်နယ်အရပ်ရပ်မှ ဝါသနာရှင်များ ဇန်နဝါရီ၃၁ ရက် နောက်ဆုံးထား၍ ဦးစိန်လှိုင် ဥက္ကဋ္ဌ ခြင်းအလုံးခတ်ပွဲ ကျင်းပရေးကော်မတီ ဖုန်း-၀၁-၆၅၃၂၈၇ (ရုံး)၊ ဦးခင်မောင်ဝင်း အတွင်းရေးမှူး လောကချမ်းသာခြင်းရုံ မင်းဓမ္မလမ်းနှင့်မဟာသုခိတာလမ်းထောင့် ကြို့ကုန်းအရှေ့ရပ်ကွက် အင်းစိန်တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။

(က-ပ)

ပြည်နယ်နှင့်တိုင်း အလွတ်တန်းအမျိုးသား ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၂၀

ရွှေရတုနှစ်(၅၀)ပြည့် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့်ဇုန်များ၌ဆက်လက်ကျင်းပသည်။

မန္တလေးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် (ခ)အုပ်စုမှ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကိုရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းမှ ထွန်းထွန်းနောင်က ရရှိသွားသည်။

ပဲခူးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် (ဃ) အုပ်စုမှ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင်ပွဲစဉ်အလိုက်အကောင်းဆုံးဘောလုံးသမားဆုကို မကွေးတိုင်းမှ မင်းကိုကိုက ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချစ်ကြည်ရေး ဘော့(စ်)ဘောပြိုင်ပွဲ မြန်မာအသင်းအနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ ဘော့စ်ဘော ဖြစ်မြောက်ရေးကော်မတီနှင့် (IMI-Japan N.G.O) ပူးပေါင်းကျင်းပသည့် ဂျပန်-မြန်မာ ချစ်ကြည်ရေးဘော့စ် ဘောပြိုင်ပွဲကို ကျိုက္ကဆံအားကစားနှင့် ကာယသိပ္ပံဝင်းအတွင်း၌ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃၁ရက်မှ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂ရက်အထိ ပြိုင်ပွဲငါးပွဲကျင်းပရာ မြန်မာဘော့စ်ဘောအသင်းက ဂျပန်ဘော့စ်ဘောအသင်းကို ပြိုင်ပွဲအားလုံးတွင် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

(က-ပ)

ထားဝယ်အသင်း၏ (၇၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ပါရဂူဘွဲ့ရရှိသူများအား ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၁၆ရက်က အလုံမြို့နယ် အလုံလမ်းရှိ ဇမ္ဗူရတနာ ပါဠိတက္ကသိုလ်၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးဖေညွန့်က ရူပဗေဒပါရဂူဘွဲ့ရဒေါက်တာနိုင်နိုင်ဦး(လ/ထ ကထိက၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)အားဂုဏ်ပြုဆုချီးမြှင့်စဉ်။

(က-ပ)

ပန်းပျိုးလက်ပန်းချီ ပြပွဲရက်တိုးပြသ

ရန်ကုန် ဇန်နဝါရီ ၂၀

အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဇန်နဝါရီ ၁၄ ရက်မှ စတင်ဖွင့်လှစ်ပြသလျက်ရှိသော ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ် ပန်းချီပညာဌာနဆရာဆရာမများ၏ ပန်းပျိုးလက်ပန်းချီပြပွဲကို ဇန်နဝါရီ ၂၀ ရက် (ဘဏ္ဍာရီးအီးဒ်နေ့)တွင် မပိတ်ဘဲဖွင့်လှစ် ပြသထားမည့်အပြင်ဝါသနာရှင်ကျောင်းသားလူငယ်များ၊ ပန်းချီပညာမြတ်နိုးသူပြည်သူများဆက်လက် ကြည့်ရှုလေ့လာနိုင်ရေးအတွက် ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့)အထိ ရက်တိုးပြသ ထားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွက်ကျားမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးအနည်းငယ်ရွာဖွယ်ရာရှိသည်။

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

၂၀၀၄ခုနှစ်ကမ္ဘာ့အကောင်းဆုံးဘောလုံးဂိုးသမား၁၀ဦး

ရောမ ဇန်နဝါရီ ၂၀

ဂျာမနီအခြေစိုက် နိုင်ငံတကာ ဘောလုံးသမိုင်းနှင့်စာရင်းပြုစုရေးအဖွဲ့ချုပ်(အိုင်အက်ဖ်အက်ဖ်အတ်ချ်အက်စ်)က ၂၀၀၄ခုနှစ်အတွက် အကောင်းဆုံး ဘောလုံးဂိုးသမား ၁၀ဦးကိုရွေးချယ်ခဲ့ရာ အီတလီအသင်းနှင့် ဂျူဗင်းတပ်စ်အသင်း ဂိုးသမားဂန်လူဂီဘတ်ဖွန်းက ၁၈၅မှတ်ဖြင့် ပထမရရှိခဲ့သည်။

အမည်	အသင်း	နိုင်ငံ	ရမှတ်
၁။ ဘတ်ဖွန်း	ဂျူဗင်းတပ်	အီတလီ	၁၈၅
၂။ ပီတာချက်	ချယ်လ်ဆီး	ချက်	၁၂၅
၃။ ဒီဒါ	အေစီမီလန်	ဘရာဇီး	၇၈
၄။ အီဂါကက်ဆီလက်စ်	ရီးယဲမက်ဒရစ်	စပိန်	၇၅
၅။ နီကိုပိုလီဒစ်	အိုလံပီယာကို့စ်	ဂရိ	၆၄
၆။ အိုလီဗာခမ်း	ဘိုင်ယန်မြူးနစ်	ဂျာမနီ	၃၉
၇။ အက်ဘွန်ဒန်ဇီရာရီ	ဘိုကာဂျူနီယာ	အာဂျင်တီးနား	၃၁
၈။ မာတင်စ်ဘာရီရာ	ပေါ်တို	ပေါ်တူဂီ	၂၉
၉။ ဂျန်ကာလို့စ်ဟမ်ရာနို	ကယ်ဒစ်	ကိုလံဘီယာ	၂၉
၁၀။ကာနီဇာရီစ်	ဗလင်စီယာ	စပိန်	၂၃

အမ်အင်အေ၊ ရိုက်တာ။

ကမ္ဘာတစ်လွှား အားကစား

၂၀၀၆ခုနှစ်ကမ္ဘာ့ဖလားပွဲအကြိုခြေစမ်းပွဲ တောင်ကိုရီးယားနှင့်ပါရာဂွေးသရေပွဲဖြစ်

လော့အိန်ဂျလိစ် ဇန်နဝါရီ ၂၀

တောင်ကိုရီးယားအသင်းနှင့် ပါရာဂွေးအသင်းတို့ နိုင်ငံတကာချစ်ကြည်ရေးဘောလုံးပြိုင်ပွဲအဖြစ် လော့အိန်ဂျလိစ်မြို့တွင် ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီသရေဖြစ်သွားခဲ့သည်။

ပါရာဂွေးအတွက် ပွဲချိန်၄၅မိနစ်တွင်ဂျူးဆက်တူနီနိုကာဒိုဇိုက ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ကန်သွင်းယူခဲ့ပြီးတောင်ကိုရီးယားအတွက် ချေပဂိုးကို ပွဲချိန်၄၈မိနစ်တွင် ကင်ဂျင်ကူကသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ကင်ဂျင်ကူအတွက် ယခုဂိုးသည် ၎င်း၏ ပထမဆုံးနိုင်ငံတကာပွဲတွင် ဂိုးသွင်းနိုင်ခြင်းဖြစ်သည်။

ပွဲချိန်ဒုတိယပိုင်းတွင် တောင်ကိုရီးယားမှလီဒေါင်ဂွတ်က ဂိုးသွင်းခဲ့သော်လည်း တောင်ကိုရီးယား ရှေ့တန်းလူတစ်ဦးဖြစ်သည့် ပက်ဂျေဟောင်နှင့် လက်ထိဘောဖြစ်သွားခဲ့သဖြင့် ဒိုင်လူကြီးဘရိန်းဟောက ဂိုးမပေးခဲ့ခြင်းဖြစ်သည်။

တောင်အမေရိကဖလားဘောလုံးပြိုင်ပွဲ ချီလီ၊ ဥရုဂွေးနှင့်ကိုလံဘီယာတို့နိုင်ပွဲများရရှိ

အာမီးနီးယား ဇန်နဝါရီ ၂၀

အသက်၂၀အောက် တောင်အမေရိကဖလားဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ၁၉ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ချီလီက ပါရာဂွေးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ချီလီအတွက်အနိုင်ဂိုးကို ပွဲချိန်၆၉မိနစ်တွင် ချီလီမှ ဂျွန်လောကာကခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဥရုဂွေးနှင့် အီကွေဒေါတို့ပွဲတွင် ဥရုဂွေးအသင်းက အီကွေဒေါအသင်းကို ခြောက်ဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့သည်။ ကိုလံဘီယာနှင့် ဗင်နီဇွဲလားတို့ပွဲတွင် ကိုလံဘီယာက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ကိုလံဘီယာအတွက် အိုစကာဘာရီစီနိုက တစ်ဂိုးနှင့် ဟူဂိုရိုဒယ်လီဂါက တစ်ဂိုးသွင်းယူပေးခဲ့သည်။

ဘိုလီးဗီးယားနှင့် ပီရူးတို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ အသက် ၂၀အောက် တောင်အမေရိကဖလားဘောလုံးပြိုင်ပွဲတွင် အသင်း ၁၀သင်းပါဝင်ကာ အုပ်စုနှစ်ခုခွဲပြီး ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး နောက်ဆုံးလက်ကျန်လေးသင်းသည် လာမည့်ဇွန်လတွင်ကစားမည့် အသက် ၂၀အောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ကစားကြရမည်ဖြစ်သည်။

အမ်အင်အေ၊ အေပီ။

အသက် ၂၀အောက် တောင်အမေရိကဖလားဘောလုံးပြိုင်ပွဲ ကိုလံဘီယာနှင့် ဗင်နီဇွဲလားတို့ ယှဉ်ပြိုင်ကစားရာ ကိုလံဘီယာမှ အဂူရီလာ(ယာ) **ထိုးဖောက်ကစားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

အရှင်ဆန္ဒာဓိကတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၀

ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် အောင်ချမ်းသာ ဓမ္မာရုံကြီးတွင် တရားပွဲအဖြစ် ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ဆရာတော်က ဇန်နဝါရီ ၂၂ရက် (စနေနေ့)ည၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရား ချီးမြှင့်ဟောကြားတော်မူမည်ဟု သိရသည်။

(က-ပ)

ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများအာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ယခင် ပြည်ထောင်စုအထက်တန်းကျောင်း ရန်ကုန်မြို့ မရမ်းကုန်း (၈)မိုင်မှ ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၁၂ရက် (ပြည်ထောင်စုနေ့) မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၆လမ်း အမှတ် (၂၄၊ ဒီ)ရှိ ဆရာကြီး ဦးတိုးအောင်၏ နေအိမ်၌ ကျင်းပမည်ဖြစ်သည်။

ယင်းအာစရိယပူဇော်ပွဲသို့ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများမပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဗိုလ်မှူးကြီးဗဟိန်း(ငြိမ်း) ဖုန်း-၅၅၈၆၉၅၊ ဗိုလ်မှူး မောင်သိန်း(ငြိမ်း) ဖုန်း-၅၇၂၀၁၅၊ ဦးဘညွန့်ဦး ဖုန်း-၆၈၄၇၆၁၊ ဦးထွန်းမြင့် ဖုန်း-၀၅၆-၂၁၄၇၃၊ ဦးအေးဖေ ဖုန်း-၃၇၁၆၅၉၊ ဒေါက်တာအေးဖေ ဖုန်း-၆၄၂၁၅၅နှင့် ဦးဝင်းကြည် ဖုန်း- ၅၇၃၁၉၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော် အရှေ့ဘက်(ဗုဒ္ဓဂယာ) သတ္တဌာနဗုဒ္ဓ ခုနစ်ဆူရုပ်ပွားတော်များတည်ရှိရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ ဗုဒ္ဓခုနစ်ဆူရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲနှင့် (၃၄)ကြိမ်မြောက် ဂိုဏ်းပေါင်းစုံ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ၁၉ရက်က သုံးထပ်ကျောင်းဆောင်၌ ကျင်းပစဉ်။ (ဝ၅၂)

မိတ္ထီလာမြို့ အထက(၂) အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၀

၁၉၅၇ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် (၆၀)နှစ်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား တတိယအကြိမ် အာစရိယပူဇော်ပွဲကို လာမည့် ဖေဖော်ဝါရီ ၂၇ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၂) ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် တပည့်ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဆက်သွယ်ရန်လိပ်စာမှာ ဦးစောဌေး ဖုန်း-၀၆၄-၂၁၃၈၄၊ ၂၁၀၇၀၊ ၂၁၉၇၉၊ ဦးဝါလား ဖုန်း-၀၆၄-၂၀၄၀၄၊ ဦးစုမြိုင်-ဒေါ်ယဉ်ယဉ်ဖုန်း-၀၁-၅၈၄၇၈၈တို့ ဖြစ်ကြောင်း သိရသည်။

(က-ပ)

မဟာဗျူဟာအသင်းချုပ် သြဝါဒခံယူပွဲ

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မဟာဗျူဟာစိုး (တိရစ္ဆာန်ဆေးကုဆရာဝန်၊ အမျိုးသားစာပေဆုရ)၊ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ ဇေယျာအောင်၊ရည်မွန်အောင် (ပြည်တက္ကသိုလ်)၊ မွေးနံ့သာ(မဟာသိပ္ပံ)၊ အောင်ကျော်ဖြိုး၊ ဓာတ်ပုံခင်ဇော်၊မစည်သူ၊ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ နန်းအေးအေးရှိန်(သရုပ်ပြ)၊စောလှနွယ်(မကွေး)၊ မောင်မောင်သိန်း၊သက်သက်သင်း (ပညာရေး)၊ ကြည်လင်း (ဆေး) တို့၏ ဖတ်ဖွယ်မှတ်ဖွယ် ဆောင်းပါးများ၊ ပန်းတနော် နောင်လတ်၏ ကဗျာ၊ အင်္ဂလိပ်စကားပြော၊ ကုန်ဈေးနှုန်း၊ ဗေဒင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တိုင်းရင်းဆေးကဏ္ဍများစုံလင်စွာဖော်ပြပါရှိသည်။

(သတင်းစဉ်)

အသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်းတွင် သြဝါဒါစရိယ ဆရာတော်ကြီး ကိုးပါး၏သြဝါဒခံယူပွဲအား ဇန်နဝါရီ ၂၄ရက် (တနင်္လာနေ့) ပြာသိုလပြည့် နံနက်၉နာရီ၌ အသင်းချုပ် ဓမ္မသဘင်ခန်းမတွင် ကျင်းပမည်ဖြစ်သည်။ အသင်းဝင်အားလုံး မပျက်မကွက် တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ၂၊အမှတ်၂ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၀

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂)ကို **(ယနေ့)** ထုတ်ဝေဖြန့်ချိလိုက်သည်။

(အပေါ်ပုံ)

အဆိုပါဂျာနယ်တွင် မောင်ဆုရှင်၊ သျှင်ပညာဇောတ၊ အောင်

ဇန်နဝါရီ၃ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၂)အခြေခံပညာမူလတန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်းမှ ဘက်စုံထူးချွန်ဆုရ မမေဇင်ဇင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်ခိုင်က ဆုချီးမြှင့်စဉ်။ (က-ပ)



တာချီလိတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂၀

တာချီလိတ် မူးယစ်အထူးအဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဌာနနှင့် တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် တာချီလိတ်မြို့ ရီဂျီးနားဟိုတယ် အခန်းအမှတ် ၁၂၇သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ အခန်းအတွင်းမှ အိုက်ကျိုင်း(ခ) ဇော်မျိုးအောင်အားတွေ့ရှိရပြီး ၎င်းထံမှ ဒဗလျူဝိုင်စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ တာချီလိတ်မြို့နယ်၊ဟောင်လိတ်အုပ်စု ပါဆက်ရွာနေ ဦးလုံးတ၏သား အသက်(၂၆)နှစ်ရှိ အိုက်ကျိုင်း(ခ)ဇော်မျိုးအောင်အား တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် (၉၀/၂၀၀၄)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉ (က) အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကျေးရွာစာကြည့်တိုက် ရောင်စုံရုပ်မြင်သံကြားစက် တပ်ဆင် မြင်စိုင်းအားမာန် နံ့ရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

ကျောက်ဆည် ဇန်နဝါရီ ၁၀

ကျောက်ဆည်မြို့နယ် အင်ဒိုင်းစံပြကျေးရွာစာကြည့်တိုက် ရောင်စုံရုပ်မြင်သံကြားစက် တပ်ဆင်ပွဲနှင့် မြင်စိုင်းအားမာန် နံ့ရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာစာကြည့်တိုက်တွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိက စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စံပြစာကြည့်တိုက်ဆုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပေးအပ်ချီးမြှင့်ရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးခင်မောင်တင်က လက်ခံရယူ၍ လည်းကောင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးကောင်းလွင်က စာကြည့်တိုက် ကော်မတီ ဦးနိုင်လင်းအား လည်းကောင်း ချီးမြှင့်သည်။

ထို့နောက် စာကြည့်တိုက်တွင် ရောင်စုံ ရုပ်မြင်သံကြားစက် တပ်ဆင်နိုင်ရန်အတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနက ကျပ်တစ်သောင်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်မောင်ဝင်းက ကျပ်ငါးထောင်၊ ကျေးရွာအလှူရှင် ဦးကံထွေးက ကျပ်တစ်သောင်း မတည်လှူဒါန်းကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လားရှိုးမြို့သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြို့လယ်ပန်းခုံများတွင် ရာသီပန်းများ စဉ်ဆက်မပြတ် ဖူးပွင့်စေရေးအတွက် ဇန်နဝါရီ ၃ ရက်က အင်ဂျင်နီယာမှူး ဦးဝင်းဌေးနှင့် ဥယျာဉ်မှူး ဦးအောင်သူတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးရွာ ၁၀ရွာတွင် ရေတုံကင် ၁၀ တွင်း တူးဖော်ဆောင်ရွက်မှုများကို ဇန်နဝါရီ ၅ ရက်က အငယ်တန်းအင်ဂျင်နီယာ(၃)ဦးဖေဝင်းသူ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

မင်းလှမြို့နယ် အလင်းရောင် ကျေးရွာစာကြည့်တိုက်ဖွင့် ရုပ်မြင်သံကြား၊ စာအုပ်နှင့် စာကြည့်တိုက် အဆောက်အအုံလှူဒါန်း

မင်းလှ ဇန်နဝါရီ ၁၂

ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းနှင့် ဇနီးဒေါ်ကျင်နုမိသားစုက လှူဒါန်းသည့် ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့နယ် အရှေ့ကံကုန်းကျေးရွာ အလင်းရောင် စာကြည့်တိုက် အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ရက် နံနက်၉နာရီက ကျင်းပသည်။

ဆက်လက်ပြီး အလှူရှင် ဦးကျော်ဝင်းနှင့် ဇနီး ဒေါ်ကျင်နု မိသားစုက ၁၄ လက်မ ရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ စာအုပ်မျိုးစုံ ၂၁၈အုပ်၊ တိုင်ကပ်နာရီ တစ်လုံး၊ ဓာတ်ဘူးတစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းဦးနှင့် မြို့နယ်ဦးစီးမှူး ဦးဝင်းတင်တို့က လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

စာပေလေ့လာရေးဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးတင်ဝင်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဝင်းတင်က ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့် ကျေးလက်နေပြည်သူများ စာပေလေ့လာရေး အခြေအနေများကို ဆွေးနွေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းဦး၊ အလှူရှင် ဦးကျော်ဝင်းနှင့် မြို့နယ်ဦးစီးမှူးဦးဝင်းတင်တို့က ကျေးရွာစာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဒီဇင်ဘာ ၂၃ရက်က မင်းဘူးမြို့နယ် ရွာသာရွာကျေးရွာတွင် နှစ်လက်မ အလှူရှင် စက်ရေတွင်းတူးဖော်ရေးကို မကွေးတိုင်းစည်ပင် သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးသိန်းဝင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးတင်ဦးတို့ ရှင်းလင်းပြသကြစဉ်။

(မြို့နယ်စည်ပင်)

အေးမေတ္တာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရပ်စောက် ဇန်နဝါရီ ၃

ရပ်စောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက အေးမေတ္တာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲကို အမျိုးသမီးရေးရာအဖွဲ့ရုံးတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာအုပ်စာစောင် အုပ် ၅၀ ကို မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ နာယကဒေါ်ခင်လေးမြင့်ထံသို့ ပေးအပ်လှူဒါန်းပြီး မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က စာအုပ်ဗီရိုနှင့် စာအုပ်စာစောင်များ၊ မြို့နယ် ဌာနဆိုင်ရာများက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဒီဇင်ဘာ ၃၀ ရက်က ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့ပတ်လမ်း(၁) ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းနိုင်(မြို့ပြ-၂)တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး ကြယ်တံခွန်စာကြည့်တိုက်ဖွင့်

ဆင်ဘို ဇန်နဝါရီ ၃

မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့ ကျွန်းဦး(ဘိုင်ဘင်)ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကြယ်တံခွန် စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်လက်ထောက်-၃ ဦးခယ်ကီးမောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းကျင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုသန့်နှင့်ရပ်သံကျွမ်းကျင်-၃ ဦးချစ်လှိုင်တို့က ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်အတွက် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မဂ္ဂဇင်း၊ ဂျာနယ် စာအုပ်မျိုးစုံ ၃၀ ပေးအပ်လှူဒါန်းသည်။

အလားတူပင် ဒီဇင်ဘာ ၁၆ရက်က မံဖွားကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖွင့်လှစ်ပေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ခွာညိုလမ်း ကတ္တရာခင်း

လှိုင်ကော် ဇန်နဝါရီ ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြသည်။

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် လှိုင်ကော် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် ခွာညိုလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၃ရက်က ဆောင်ရွက်ရာ အဆိုပါ ကတ္တရာလမ်းမှာ အရှည် ၃၃၆၅ ပေ၊ အကျယ် ၁၂ပေရှိကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

21-1 (15).p65 1 3/24/05, 10:00 PM

တည်ဆောက်ဆဲ ကွန်ချောင်း(၂)ရေလှောင်တမံ ငွေစပါးကော ၁၂၀၀ရေပေးဝေ တည်ဆောက်ပြီးပါက တောင်သူများဝင်ငွေတိုးရေး ဧက ၂၀၀၀၀ရေပေးဝေမည်

ရန်ကုန် ဇန်နဝါရီ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဇန်နဝါရီ ၁၆ရက်တွင် ဧရာဝတီတိုင်း ကြံခင်းမြို့နယ်၌ တည်ဆောက်နေသည့် ကွန်ချောင်း(၂)ရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂) ညွှန်ကြားရေးမှူး ဦးတင်မောင်အုန်းက ပင်မတမံပြီးစီးသောအပိုင်းနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ရေထုတ်ပြွန်တည်ဆောက်ပြီးစီးမှုများ၊ ရေပိုလွှဲတည်ဆောက်ပြီးစီးမှုနှင့်ဆည်ရေသောက်စနစ်များ၊ ရေသွယ်မြောင်းဖောက်လုပ်ပြီးစီးမှု၊ နွေစပါးစိုက်ပျိုးနိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက်ဝန်ကြီးက ယခုနှစ်အတွင်း ပြီးစီးအောင် တူးဖော်ရမည့် ရေသွယ်မြောင်းများ အမြန်ပြီးစီးရေး၊ နွေစပါးအချိန်မီ စိုက်ပျိုးရေး၊ စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှုမရှိရေးတို့ကို တာဝန်ရှိသူများအား ဆွေးနွေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ပင်မတမံ အချောသပ်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသော လုပ်ငန်းများ၊ ရေပိုလွှဲ တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၆ ကော်လံ ၆ ■

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❒ **"အတိတ်တစ်ချိန်က ကြုံတွေ့ခဲ့ရသည့် စည်းလုံးညီညွတ်မှု၊ ယိုယွင်းခဲ့ရမှုများအပေါ် သင်ခန်းစာ ရယူပြီး အနာဂတ်နိုင်ငံတော်အတွက်တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ခိုင်ကျည်မြဲမြံအောင် တည်ဆောက်ကြရမည်ဖြစ်သည်။"**

ခေါင်းကြီး (စာ-၂)

❒ **"ICTခေတ်တွင် မြန်မာ့ကွန်ပျူတာပညာရှင်များ အနေဖြင့် Myanmar Character Set စမ်းသပ်ရေးသားနေပြီမို့ အင်္ဂလိပ်စာမတတ်သူများပင် ကွန်ပျူတာကို အသုံးပြုနိုင်တော့မည် ဖြစ်သည်။"**

ရင်ငြိမ်းပန်း၏ ဆောင်းပါး (စာ-၁၀)

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်

ဇန်နဝါရီ ၁၆ရက်က ကြံခင်းမြို့နယ်ရှိ ကွန်ချောင်း(၂) ရေလှောင်တမံစီမံကိန်းမှ အသေးစား ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို တွေ့ရစဉ်။

(လယ်ယာ/ဆည်မြောင်း)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လွန်ခဲ့သည့် နှစ်လေးသန်းခွဲကျော်ခန့်က ကျောက်ဖြစ်ရုပ်ကြွင်း

လွန်ခဲ့သည့် နှစ်ပေါင်း လေးသန်းခွဲကျော်ခန့်က ကျောက်ဖြစ် ရုပ်ကြွင်းတစ်ခုကို ပြသထားစဉ်။ **(ယာပုံ)**

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းသည် နို့တိုက်သတ္တဝါ တစ်ကောင်၏ အောက်မေးရိုးဖြစ်ပြီး လွန်ခဲ့သည့် နှစ်ပေါင်း လေးသန်းခွဲကျော်ခန့်က ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံမှ သုတေသနပညာရှင်တစ်ဦးဖြစ်သူ ဆီလီရှိဆီမော က ပြောကြားသည်။ **(အေအက်ဖ်ပီ)**

ရေခဲရုပ်တုပြပွဲ

ရုရှားနိုင်ငံ မော်စကိုမြို့ တိရစ္ဆာန်ဥယျာဉ်အတွင်း ထုလုပ်ပြသထားသော ရေခဲရုပ်တုများကို တွေ့ရစဉ်။ **(ဝဲပုံ)**

အဆိုပါ ရေခဲရုပ်တုများကို နှစ်စဉ် ပြပွဲပြိုင်ပွဲ တစ်ရပ်အဖြစ် နိုင်ငံတကာမှ ရေခဲပန်းပု ပညာရှင်များ လာရောက် ပါဝင်ဆင်နွှဲလျက်ရှိသည်။ ယခုအခါတွင် ရေခဲရုပ်တု ဒီဇိုင်းပုံစံအသစ်များကို ထုလုပ်ထားလျက်ရှိသော်လည်း ယခုနှစ်တွင် မော်စကို၌ သမိုင်းမှတ်တမ်းများအရ အပူချိန် ၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာမှုကြောင့် ရေခဲရုပ်တုများကြာရှည်မခံဘဲ လျင်မြန်စွာ အရည်ပျော်နိုင်ကြောင်း ပန်းပုထုလုပ်သူများက ပြောကြားကြောင်း သိရသည်။ **(အမ်အင်အေ၊ အေပီ)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများ မစတင်မီ ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းတို့မှ *စာမျက်နှာ ၇ ကော်လံ ၁* ❒

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။ (ထ-ပ-ဆ)

21-1 (20).p65 20 3/24/05, 10:00 PM